မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၃၀ ] ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက် ( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက် ) } သောကြာနေ့ [ အတွဲ ၇၂

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၁၉/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်)

**ပြည်နယ်ဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (က) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ (ခ) တို့ပါ ပြဋ္ဌာန်းချက်များအရ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာတင်ဝင်းကျော် ကို ယင်း၏သဘော ဆန္ဒအလျောက် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁ ရက်မှစ၍ ပြည်နယ်ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၃/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းကြိုင် ကို အစမ်းခန့် ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်)

**Universal Periodic Review (UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီအဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၀/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သော **Universal Periodic Review (UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီ** တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင် ညွှန်ကြားရေးမှူးချုပ် ကို အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

**လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် သက်တမ်းတိုးမြှင့်သတ်မှတ်ခြင်း**

လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) ၏ လုပ်ငန်းများအပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် သက်သေအထောက်အထားအချက်အလက်များ ပိုမိုပြည့်စုံစွာ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ စာပိုဒ် ၂.၃ အရ ကော်မရှင်၏ သက်တမ်းကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့ထိ ခြောက်လ တိုးမြှင့်သတ်မှတ်လိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်)

**လောင်းကစားဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **လောင်းကစားဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# လောင်းကစားဥပဒေ

## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃။)

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို လောင်းကစားဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **လောင်းကစားခြင်း**ဆိုသည်မှာ ကံစမ်းကစားခြင်း၊ ကျွမ်းကျင်မှုကစားခြင်းတစ်ခုခုတွင် အကောက်အစားယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ ငွေကြေးအတွက်လည်းကောင်း၊ ငွေကြေးကဲ့သို့ တန်ဖိုးရှိသော သို့မဟုတ် ငွေကြေးတန်ဖိုးအဖြစ် လွှဲပြောင်းသတ်မှတ်ရန် သဘောတူပြီးဖြစ်သော ပစ္စည်းတစ်စုံတစ်ရာအတွက်လည်းကောင်း လောင်းကစားပြုခြင်းကို ဆိုသည်။

(ခ) **ပစ္စည်း**ဆိုသည်မှာ သက်ရှိသက်မဲ့၊ ရွှေ့ပြောင်းနိုင်သောပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သောပစ္စည်းအားလုံးကို ဆိုသည်။ ယင်းစကားရပ်တွင် ယင်းပစ္စည်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်များလည်း ပါဝင်သည်။

(ဂ) **လောင်းကစားအိမ်**ဆိုသည်မှာ လောင်းကစားခြင်းပြုလုပ်သည့် အိမ်၊ အဆောက်အအုံ၊ ကာရံထားသောနေရာ၊ ဝင်း၊ ခြံ၊ အခန်း၊ ယာဉ်တစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်သော ကာစီနိုများ မပါဝင်။

(ဃ) **လောင်းကစားကိရိယာ**ဆိုသည်မှာ လောင်းကစားခြင်းပြုလုပ်ရာ၌ အသုံးပြုသော ဂျင်၊ ဖဲ၊ အန်စာ၊ မာကျောက်၊ တိုကင်၊ ဒင်္ဂါး၊ ဇယ်ပြား၊ ကစားခုံ၊ ကစားခွက်၊ ဇယားကားချပ်၊ သေတ္တာ၊ ပုံစံ၊ လက်မှတ်၊ စာရင်း၊ အီလက်ထရောနစ်ပစ္စည်းများနှင့် အီလက်ထရောနစ်ဆက်သွယ်ရေးနည်းပညာသုံး ကိရိယာများကို ဆိုသည်။ ယင်းစကားရပ်တွင် လောင်းကစားခြင်းအတွက် ကြံစည်ပြုလုပ်ထားသော သို့မဟုတ် အသုံးပြုနိုင်သော အခြားအရာများနှင့် လောင်းကစားခြင်း၌ အသုံးပြုသော တိရစ္ဆာန်၊ ယာဉ်တို့လည်း ပါဝင်သည်။

(င) **အများပြည်သူနှင့်ဆိုင်သောနေရာ**ဆိုသည်မှာ မည်သူမဆို ဝင်ထွက်သွားလာနိုင်သောလမ်း သို့မဟုတ် နေရာကို ဆိုသည်။

(စ) **မြို့နယ်အုပ်ချုပ်ရေးမှူး**ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး၏တာဝန်များကို ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းကို ဆိုသည်။

(ဆ) **မြို့နယ်ရဲတပ်ဖွဲ့မှူး**ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတာဝန်ထမ်းဆောင်နေသူကို ဆိုသည်။

(ဇ) **စခန်းမှူး**ဆိုသည်မှာ သက်ဆိုင်ရာရဲစခန်းနယ်မြေအတွင်း ရဲစခန်းမှူးတာဝန်ထမ်းဆောင်နေသူကို ဆိုသည်။

(ဈ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

(ည) **ထီ**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အောင်ဘာလေထီကို ဆိုသည်။

(ဋ) **ကာစီနို(Casino)**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ထားပြီး နိုင်ငံခြားသားများသာ သီးသန့်လောင်းကစားခွင့်ရှိသော နေရာ သို့မဟုတ် အဆောက်အဦကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ခေတ်စနစ်နှင့်လျော်ညီသော လောင်းကစားဥပဒေဖြစ်စေရန်၊

(ခ) လောင်းကစားခြင်းသည် ပြည်သူများ၏ လူမှုစီးပွားဘဝကို ထိခိုက်ပျက်စီးစေနိုင်သဖြင့် ဥပဒေနှင့်အညီ ကန့်သတ်ထိန်းချုပ်မှုများ ဆောင်ရွက်နိုင်ရန်၊

(ဂ) အများပြည်သူတို့၏ အကျိုးစီးပွားနှင့် ကိုယ်ကျင့်တရားကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်။

## အခန်း (၃)

## အများပြည်သူနှင့်ဆိုင်သောနေရာတွင် လောင်းကစားခြင်းကို ဝရမ်းမပါဘဲဖမ်းဆီးခြင်း

၄။ (က) မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်သည် အများပြည်သူနှင့်ဆိုင်သောနေရာတွင် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးကိုတွေ့ရှိလျှင် ထိုသူအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည် -

(၁) လောင်းကစားခြင်းပြုလုပ်ရန် လောင်းကြေးတောင်းခံစုဆောင်းသူ၊

(၂) လောင်းကစားသူ၊ လောင်းကစားရန် အားပေးကူညီသူ၊ လူစုသူ၊ လှုံ့ဆော်သူ၊

(၃) မည်သည့်အားကစားပွဲ သို့မဟုတ် လေ့ကျင့်ပွဲတစ်ခုခု၌မဆို လောင်းကစားသူ သို့မဟုတ် လောင်းကစားရန် တစ်နည်းနည်းဖြင့် အားပေးကူညီသူ၊ လူစုသူ၊ လှုံ့ဆော်သူ။

(ခ) ပုဒ်မခွဲ (က) အရ အရေးယူဆောင်ရွက်သူတစ်ဦးဦးသည် ဖမ်းဆီးသည့်နေရာတွင်ဖြစ်စေ၊ ဖမ်းဆီးခံရသူများ၏ ကိုယ်ပေါ်တွင်ဖြစ်စေ တွေ့ရှိသော လောင်းကစားကိရိယာများနှင့် ငွေကြေးအားလုံးကို လုပ်ထုံးလုပ်နည်းများနှင့်အညီ သိမ်းဆည်းရမည်။

## အခန်း (၄)

## လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးခြင်း

၅။ (က) မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် မြို့နယ်ရဲတပ်ဖွဲ့မှူးသည် သက်ဆိုင်ရာမြို့နယ်အတွင်း၌လည်းကောင်း၊ စခန်းမှူးသည် သက်ဆိုင်ရာရဲစခန်းနယ်မြေအတွင်း၌လည်းကောင်း လောင်းကစားအိမ်တွင် လောင်းကစားနေကြောင်း ယုံကြည်လောက်သောသတင်းရလျှင် သို့မဟုတ် ယုံကြည်ရန် အခြားလုံလောက်သောအကြောင်းအချက်များရှိလျှင် ထိုသတင်း သို့မဟုတ် အကြောင်းအချက်များကိုရေးမှတ်ပြီး မိမိကိုယ်တိုင် ထိုလောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးနိုင်သည်။

(ခ) မြို့နယ်အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာမြို့နယ်မှ ဒုတိယရဲအုပ်အဆင့်အောက် မနိမ့်သော ရဲအရာရှိတစ်ဦးဦးအားလည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) အောက်မနိမ့်သော နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးအားလည်းကောင်း ဝရမ်းထုတ်ပေး၍ လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးစေနိုင်သည်။

(ဂ) မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ၎င်းအား တိုက်ရိုက်ကြီးကြပ်ကွပ်ကဲသော ရဲအရာရှိတစ်ဦးဦးသည် ဒုတိယရဲအုပ်အဆင့်အောက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးအား ဝရမ်းထုတ်ပေး၍ လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးစေနိုင်သည်။

၆။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ကျေးရွာတာဝန်ခံ သို့မဟုတ် ရာအိမ်မှူး သို့မဟုတ် ဆယ်အိမ်မှူးတစ်ဦးဦးအပါအဝင် အနည်းဆုံးနှစ်ဦးပါဝင်လျက် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း လောင်းကစားအိမ်တွင် လောင်းကစားနေကြောင်း ယုံကြည်လောက်သောသတင်းရလျှင် သို့မဟုတ် ယုံကြည်ရန် အခြားလုံလောက်သော အကြောင်းအချက်များရှိလျှင် ထိုသတင်း သို့မဟုတ် အကြောင်းအချက်များကိုရေးမှတ်ပြီး မိမိကိုယ်တိုင် ထိုလောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးနိုင်သည်။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ဒုတိယရဲအုပ်အဆင့်အောက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးအားလည်းကောင်း၊ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရှိ ကျေးရွာတာဝန်ခံ သို့မဟုတ်

ရာအိမ်မှူး သို့မဟုတ် ဆယ်အိမ်မှူးပါဝင်သောအဖွဲ့အားလည်းကောင်း ဝရမ်းထုတ်ပေး၍ လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးစေနိုင်သည်။

၇။ (က) ပုဒ်မ ၅ အရဖြစ်စေ၊ ပုဒ်မ ၆ အရဖြစ်စေ ဝရမ်းထုတ်ပေးနိုင်ခွင့်ရှိသူ သို့မဟုတ် ဝရမ်းဖြင့် တာဝန်ပေးအပ်ခြင်းခံရသူသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(၁) ဝရမ်းထုတ်ပေးနိုင်ခွင့်ရှိသူဖြစ်ပါက သတင်းရရှိပြီးနောက်ဖြစ်စေ၊ ဝရမ်းဖြင့် တာဝန်ပေးအပ်ခြင်းခံရသူဖြစ်ပါက ဝရမ်းထုတ်ပေးသောနေ့မှ ၁၄ ရက်အတွင်းဖြစ်စေ လိုအပ်သည့် အကူအညီများနှင့် လောင်းကစားအိမ်သို့လိုအပ်လျှင် မည်သည့်နည်းဖြင့်မဆို အချိန်မရွေး ဝင်ရောက်နိုင်ခွင့်၊

(၂) လောင်းကစားအိမ်တွင် လောင်းကစားနေသူများ၊ ရောက်ရှိနေသူများနှင့် အားပေးကူညီသူများအား ဖမ်းဆီးနိုင်ခွင့်၊

(၃) လောင်းကစားအိမ်တွင်တွေ့ရှိသော လောင်းကစားကိရိယာနှင့် လောင်းကစားရာ၌ အသုံးပြုသော သို့မဟုတ် အသုံးပြုမည်ဟု ယုံကြည်ရန်ရှိသော ငွေကြေးနှင့်ပစ္စည်းကို သိမ်းဆည်းနိုင်ခွင့်၊

(၄) လောင်းကစားအိမ်တွင် လောင်းကစားကိရိယာတစ်ခုခုကို လျှို့ဝှက်ထားကြောင်း ယုံကြည်ရန် အကြောင်းရှိလျှင် အဆိုပါလောင်းကစားအိမ်၏ နေရာအနှံ့အပြားနှင့် ဖမ်းဆီးထားသူများ၏ ကိုယ်တွင်ရှာဖွေ၍ တွေ့ရှိသမျှသော လောင်းကစားကိရိယာအားလုံးကို သိမ်းဆည်းနိုင်ခွင့်။

(ခ) ပုဒ်မ ၅ အရဖြစ်စေ၊ ပုဒ်မ ၆ အရဖြစ်စေ -

(၁) သတင်း သို့မဟုတ် အခြားယုံကြည်လောက်သော အကြောင်းအချက်များကို ရေးမှတ်သူသည် သတင်းပေးသူ၏အမည်ကို လျှို့ဝှက်ထားရမည်။ လိုအပ်ပါက သတင်းပေးသူ၏ အမည်ကို ဖော်ပြနိုင်သည်။

(၂) ရှာဖွေသည့်အခါတိုင်း ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရှာဖွေရမည်။

(၃) လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးသူသည် ဖမ်းဆီးရမိသူများ၊ သိမ်းဆည်းရရှိသည့် ပစ္စည်းများကို သက်ဆိုင်ရာရဲစခန်းသို့လွှဲအပ်ရမည်။

(၄) ဆောင်ရွက်သူသည် မည်သူ့ကိုမျှ ဖမ်းဆီးရမိခြင်းမရှိလျှင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၅)
## တားမြစ်ချက်များ

၈။ မည်သူမျှ အများပြည်သူနှင့်ဆိုင်သောနေရာတွင် -

(က) လောင်းကစားခြင်းပြုလုပ်ရန် လောင်းကြေးတောင်းခံစုဆောင်းခြင်း မပြုရ၊

(ခ) လောင်းကစားခြင်း၊ လောင်းကစားရန် အားပေးကူညီခြင်း၊ လူစုခြင်း၊ လှုံ့ဆော်ခြင်း မပြုရ၊

(ဂ) မည်သည့်အားကစားပွဲ သို့မဟုတ် လေ့ကျင့်ပွဲကိုမဆို လောင်းကစားခြင်း၊ လောင်းကစားရန် တစ်နည်းနည်းဖြင့် အားပေးကူညီခြင်း၊ လူစုခြင်း၊ လှုံ့ဆော်ခြင်း မပြုရ။

၉။ မည်သူမျှ လောင်းကစားအိမ်တွင် -

(က) လောင်းကစားခြင်း မပြုရ၊

(ခ) ရောက်ရှိနေခြင်း မရှိစေရ။

၁၀။ မည်သူမျှ -

(က) လောင်းကစားအိမ် ဖွင့်လှစ်ခြင်း၊ တည်ထောင်ခြင်း၊ စီမံခန့်ခွဲခြင်း သို့မဟုတ် ထိုသို့ဆောင်ရွက်ခြင်းကို တစ်နည်းနည်းဖြင့် အားပေးကူညီခြင်း မပြုရ၊

(ခ) လက်ဝယ်ရှိသော သို့မဟုတ် အသုံးပြုခွင့်ရသော အိမ်၊ အဆောက်အအုံ၊ ကာရံထားသော နေရာ၊ ဝင်း၊ ခြံ၊ အခန်း၊ ယာဉ်တစ်ခုခုကို လောင်းကစားအိမ်အဖြစ် ဖွင့်လှစ်ရန်၊ တည်ထောင်ရန် သို့မဟုတ် အသုံးပြုရန် ခွင့်မပြုရ။

၁၁။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ အောက်ပါတို့ကို မပြုရ -

(က) ထီ သို့မဟုတ် ထီကဲ့သို့သော အခြားကံစမ်းကစားနည်းတစ်ခုခုကို ဖွင့်လှစ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ လောင်းကြေးလက်ခံခြင်း၊ ဒိုင်အဖြစ်ဆောင်ရွက်ခြင်း၊ ငွေကြေးအကျိုးအမြတ်ရယူခြင်း သို့မဟုတ် ထိုသို့ ဆောင်ရွက်ခြင်းကို တစ်နည်းနည်းဖြင့် အားပေးကူညီခြင်း၊

(ခ) ကာစီနိုကို တည်ထောင်ခြင်း၊ ဖွင့်လှစ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ လောင်းကြေးလက်ခံခြင်း၊ ဒိုင်အဖြစ်ဆောင်ရွက်ခြင်း၊ ငွေကြေးအကျိုးအမြတ်ရယူခြင်း သို့မဟုတ် ထိုသို့ဆောင်ရွက်ခြင်းကို တစ်နည်းနည်းဖြင့် အားပေးကူညီခြင်း။

၁၂။ မည်သူမျှ ပုဒ်မ ၁၁ ပါ ကစားနည်းတစ်မျိုးမျိုးတွင် ပါဝင်လောင်းကစားခြင်း မပြုရ။

၁၃။ မြန်မာနိုင်ငံသားမည်သူမျှ ကာစီနိုအတွင်း ဝင်ရောက်လောင်းကစားခြင်း မပြုရ။

၁၄။ မည်သူမျှ လောင်းကစားရန် ငွေချေးခြင်း သို့မဟုတ် ငွေကြေးထောက်ပံ့ခြင်း မပြုရ။

## အခန်း (၆)
## ပြစ်ဒဏ်များ

၁၅။ မည်သူမဆို -

(က) ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး ခြောက်လအထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်ငါးသောင်းအထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၁၆။ မည်သူမဆို -

(က) ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၁၇။ မည်သူမဆို -

(က) ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၁၈။ မည်သူမဆို -

(က) ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး

ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။

၁၉။ မည်သူမဆို -

(က) ပုဒ်မ ၁၂ သို့မဟုတ် ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ် ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၁၂ သို့မဟုတ် ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ် ရမည့်အပြင် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်လည်း ချမှတ် နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀။ မည်သူမဆို -

(က) ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်ကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သောငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

## **အခန်း (၇)**
## **အထွေထွေ**

၂၁။ လောင်းကစားအိမ်၌လည်းကောင်း၊ ထိုအိမ်၌ရောက်ရှိနေသူတို့၏ ကိုယ်ပေါ်တွင်လည်းကောင်း လောင်းကစားကိရိယာတစ်ခုခုကိုတွေ့ရှိလျှင် ဝင်ရောက်ရှာဖွေသူတို့က လောင်းကစားနေသည်ကို မတွေ့မြင် စေကာမူ လောင်းကစားအိမ်အဖြစ် အသုံးမပြုကြောင်း သို့မဟုတ် လောင်းကစားရန်ရောက်ရှိနေကြခြင်း မဟုတ်ကြောင်း ထိုအိမ်၌ ရောက်ရှိနေကြသူများက သက်သေထင်ရှားမပြနိုင်လျှင် လောင်းကစားအိမ်အဖြစ် အသုံးပြုသည်ဟူ၍လည်းကောင်း၊ ထိုသူများသည် လောင်းကစားရန် ရောက်ရှိနေကြသူများဖြစ်သည်ဟူ၍ လည်းကောင်း မှတ်ယူရမည်။

၂၂။ ထီကို ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၂၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကာစီနိုတည်ထောင်ခြင်း၊ ဖွင့်လှစ်ခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုနိုင်သည်။

၂၄။ ဤဥပဒေပါ ပြစ်မှုတစ်ခုခုနှင့် တရားစွဲဆိုခြင်းခံရသူကို စစ်ဆေးသောတရားရုံးသည် ထိုပြစ်မှုနှင့် စပ်လျဉ်း၍ တရားစွဲဆိုခြင်းခံရသူများအနက် အဓိကပါဝင်သည့် တရားခံမဟုတ်သူ မည်သူ့ကိုမဆို လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားလိုသက်သေအဖြစ် သက်သေခံချက်ပေးစေရမည်။ သက်သေခံချက် ပေးသူသည် မှန်ကန်သည့်အတိုင်း ထုတ်ဖော်ထွက်ဆိုလျှင် ထိုသူအား ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပြုရမည်။

၂၅။ သက်ဆိုင်ရာတရားရုံးသည် ဤဥပဒေအရ စစ်ဆေးစီရင်သောအမှုတွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်ငွေနှင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်သည့်ပစ္စည်းများ ရောင်းရငွေ အနက်မှ သတင်းပေးသူအား ၁၀ ရာခိုင်နှုန်း၊ ဖမ်းဆီးရာတွင် ပါဝင်သူအားလုံးအား ၂၀ ရာခိုင်နှုန်း ဆုငွေချီးမြှင့်ရန် အမိန့်ချမှတ်ရမည်။

၂၆။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် သက်ဆိုင်ရာမြို့နယ်အတွင်း တစ်ဦးတစ်ယောက်သောသူသည် လောင်းကစားမှုဖြင့် လည်းကောင်း၊ လောင်းကစားမှုဖြစ်မြောက်စေရန် အားပေးခြင်း သို့မဟုတ် ကူညီခြင်းဖြင့်လည်းကောင်း အသက် မွေးဝမ်းကျောင်းမှုပြုနေကြောင်း သတင်းရရှိလျှင် ထိုသူအား ရာဇဝတ်ကျင့်ထုံးဥပဒေအရ အရေးယူနိုင်သည်။

၂၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနတို့သည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။

၂၈။ လောင်းကစားဥပဒေ (၁၉၈၆ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၆။) ကို ဤဥပဒေဖြင့် ရုပ်သိမ်း လိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်)

## ကော်မတီအဖွဲ့ဝင် အစားထိုးလဲလှယ်ဖွဲ့စည်းခြင်း

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီမှ အဖွဲ့ဝင် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကြည်း ၁၉၅၄၆ ဗိုလ်မှူးကြီး မြင့်ချို **အစား** တပ်မတော်သား ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ကြည်း ၁၉၅၉၈ ဗိုလ်မှူးကြီး ဝင်းလွင်ဦး အား အဖွဲ့ဝင်အဖြစ် အစားထိုး လဲလှယ်ဖွဲ့စည်းလိုက်သည်။

(ပုံ) တီခွန်မြတ်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၆၂/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၆ ရက်)

### ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရခိုင်ပြည်နယ်၊ သံတွဲခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၁) နေရာ၌ ဦးသောင်းဟန် **အစား** ဦးအောင်ကျော်သိန်း အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၆၃/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်)

### ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်နှစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နှစ်ဦးနေရာ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည် -

| | | | | |
|---|---|---|---|---|
| (၁) | အဖွဲ့ဝင် (၃) နေရာတွင် | ဦးအောင်လွင်လေး | **အစား** | ဦးသန်းမြင့် |
| (၂) | အဖွဲ့ဝင် (၅) နေရာတွင် | ဦးကျွေဖန်း (ခ) ဦးဂွန်ဟန် | **အစား** | ဦးစိုးတင့် |

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၆၄/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၂) နေရာ၌ ဦးခင်မောင်ဝင်း **အစား** ဦးမျိုးလွင် အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၆၅/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်)

## မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်နှစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နှစ်ဦးနေရာ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည် -

(၁) အဖွဲ့ဝင် (၁) နေရာတွင် ဦးတင့်ဆွေ **အစား** ဒေါ်မြတ်မြတ်အောင်

(၂) အဖွဲ့ဝင် (၄) နေရာတွင် ဦးအေးရွှေ **အစား** ဦးခင်မောင်အေး

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၆၆/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်)

## မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၂) နေရာ၌ ဦးစိုးဝင်း **အစား** ဦးသန်းစိုးအောင် အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၄၆/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၆ ရက်)

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ (ပထရ/ရ ၀၀၂၄) ဦးစီးအရာရှိ ဦးစိုးမြင့်သန်း အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့မှစ၍ လက်ရှိရာထူး အဆင့် (ဦးစီးအရာရှိ) တွင် အတည်ပြုခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၅၂/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်)

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲထောက်ပံ့ရေးဌာနကြီးမှ ရဲထောက်ချုပ် ရဲ ၃၇၇၇ ရဲမှူးချုပ် သန်းတင်အောင် အား သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့မှ ဒီဇင်ဘာလ ၁၈ ရက်နေ့အထိ (၄) လကို မူလအခြေခံနည်းဥပဒေအပိုဒ် ၈၆ (က) (၁) နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ရဲ ၃၇၇၇ ရဲမှူးချုပ် သန်းတင်အောင် အား ငြင်းပယ်ထားသည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၈ ရက်နေ့အထိ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၉ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာ (၁၂၅/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်)

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်၊ အမှတ်/ အမည်- ၆/ရှမ်းပွဲ၊ ဦးပိုင်အမှတ် (၁၄၈) **သဒ္ဓမ္မပါလဘုန်းတော်ကြီးကျောင်း** အခွန်လွတ် သာသနာ့မြေဧရိယာ **၀. ၆၁၄ ဧက** အနက်မှ **၀. ၀၈၂ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ သိမ်ဒါယကာ ဦးရန်နိုင်ထွန်း အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မင်းသူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၉

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်)

၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၉/၂၀၁၉) သဘောတူညီချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ စီမံ/ဘဏ္ဍာဌာနခွဲမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) စာရင်းကိုင် (၁) ဒေါ်မာလာမြင့် အား ယင်းဦးစီးဌာန၊ အမျိုးသားပြတိုက် (နေပြည်တော်) တွင် လစ်လပ်လျက် ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (ဘဏ္ဍာ) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၁၉

၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၉/၂၀၁၉) သဘောတူညီချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀- ၂၉၅,၀၀၀)၊ ဦးစီးအရာရှိရာထူးနေရာများသို့ အောက်ဖော်ပြပါဝန်ထမ်းများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများ၌ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ မူလရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (က) | ဒေါ်ထားထားနွယ်<br>ဦးစီးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>သရေခေတ္တရာဌာနစု၊ ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန | ဦးစီးအရာရှိ (စီမံ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဗိဿနိုးဌာနစု၊ ကမ္ဘာ့အမွေအနှစ်ဒေသများ ဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန |
| (ခ) | ဒေါ်ခင်မျိုးနွယ်<br>ဦးစီးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ရှေးဟောင်းသုတေသနနည်းပညာ သင်တန်းကျောင်း (ပြည်)၊ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန | ဦးစီးအရာရှိ (သင်တန်းရေးရာ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ရှေးဟောင်းသုတေသနနည်းပညာ သင်တန်းကျောင်း (ပြည်)၊ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၂၉/၂၀၁၉

၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၉/၂၀၁၉) သဘောတူညီချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-

၂၉၅,၀၀၀)၊ ဦးစီးအရာရှိရာထူးနေရာများသို့ အောက်ဖော်ပြပါဝန်ထမ်းများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများ၌ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ မူလရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (က) | ဦးမင်းဟန်<br>ဒု-ဦးစီးမှူး (သုတေသန)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ရန်ကုန်ဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန | ဦးစီးအရာရှိ (သုတေသန)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ထားဝယ်ဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန |
| (ခ) | ဒေါ်လှလှသင်း<br>ဒု-ဦးစီးမှူး (သုတေသန)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ပြုပြင်၊ ထိန်းသိမ်း၊ စစ်ဆေး၊ မှတ်တမ်းနှင့်<br>ဓာတုဗေဒဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန | ဦးစီးအရာရှိ (ဓာတု)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပုဂံဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန |
| (ဂ) | ဒေါ်ခင်စောငြိမ်း<br>ဒု-ဦးစီးမှူး (သုတေသန)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ရန်ကုန်ဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန | ဦးစီးအရာရှိ (ကမ္ပည်း)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပုဂံဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန |
| (ဃ) | ဒေါ်ခင်ဆွေနွဲ့<br>ဒု-ဦးစီးမှူး (သုတေသန)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>မန္တလေးဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန | ဦးစီးအရာရှိ (ရှေးပစ္စည်း)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပုဂံဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန |
| (င) | ဦးဝင်းအောင်ကြည်<br>ဒု-ဦးစီးမှူး (သုတေသန)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ပုဂံဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန | ဦးစီးအရာရှိ (ထိန်းသိမ်းရေး)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပုဂံဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၉

၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၉/၂၀၁၉) သဘောတူညီချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိရာထူးနေရာများသို့ အောက်ဖော်ပြပါဝန်ထမ်းများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများ၌ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ မူလရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (က) | ဒေါ်ခိုင်ခိုင်သင်း<br>ဒု-ဦးစီးမှူး (ပြတိုက်)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ပုဂံဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန | ဦးစီးအရာရှိ (ပြတိုက်-ခင်းကျင်း)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပုဂံဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန |

| စဉ် | အမည်၊ မူလရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (ခ) | ဒေါ်ခင်မာချို<br>ဒု-ဦးစီးမှူး (ပြတိုက်)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ပုဂံဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန | <br>ဦးစီးအရာရှိ (ပြတိုက်-စုဆောင်း)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပုဂံဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန |
| (ဂ) | ဦးဇော်မင်းဦး<br>ဒု-ဦးစီးမှူး (ပြတိုက်)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>အမျိုးသားပြတိုက် (နေပြည်တော်)<br>ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန | <br>ဦးစီးအရာရှိ (ပြတိုက်)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဗိဿနိုးဌာနစု၊ ကမ္ဘာ့အမွေအနှစ်ဒေသများ<br>ဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန |
| (ဃ) | ဒေါ်ခင်ချိုချိုဟန်<br>ဒု-ဦးစီးမှူး (ပြတိုက်)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>အမျိုးသားပြတိုက် (ရန်ကုန်)<br>ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန | <br>ဦးစီးအရာရှိ (အင်အော်ဂဲနစ်)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အမျိုးသားပြတိုက် (နေပြည်တော်)<br>ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန |
| (င) | ဒေါ်အေးသီတာဦး<br>ဒု-ဦးစီးမှူး (ပြတိုက်)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>အမျိုးသားပြတိုက် (ရန်ကုန်)<br>ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန | <br>ဦးစီးအရာရှိ (လူထုဆက်ဆံ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အမျိုးသားပြတိုက် (နေပြည်တော်)<br>ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန |

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

၂၀၁၉ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၃/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ တင်ပြ၍ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ရရှိပြီးဖြစ်သည့် ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဒေါ်သူဇာမင်း အား ပြည်ထောင်စုဝန်ကြီးရုံးတွင် လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၂/ ၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၂ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် EU-GIZ (ဂျာမန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့) အထောက်အပံ့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံတွင်ရေရှည်တည်တံ့သော ရေသတ္တဝါမွေးမြူရေးဖွံ့ဖြိုးမှုအစီအစဉ် (Myanmar Sustainable Aquaculture Program-MYSAP) စီမံကိန်း၏ အဖွဲ့အစည်းဆိုင်ရာဥပဒေနှင့် မူဝါဒများပါဝင်သည့် အမျိုးသားအဆင့်ရေသတ္တဝါမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (National Aquaculture Development Plan-NADP) ထွက်ပေါ်လာရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရန် **လုပ်ငန်းဆပ်ကော်မတီ** အား အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ ရာထူး | ဌာန | တာဝန် |
|---|---|---|---|
| (က) | ဒေါက်တာဇော်ဦး<br>စီးပွားရေးပညာရှင် | မြန်မာ့လူမှုစီးပွားဖွံ့ဖြိုး<br>တိုးတက်ရေးအဖွဲ့ | အမျိုးသားအဆင့်<br>ညှိနှိုင်းရေးမှူး |
| (ခ) | ဒေါ်နော်ဝေးလ်မာဦး<br>ညွှန်ကြားရေးမှူး | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးသန်းမြင့်ဦး<br>ညွှန်ကြားရေးမှူး | မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးစောလားဖောဝါး<br>ညွှန်ကြားရေးမှူး | ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးမျိုးဦး<br>ညွှန်ကြားရေးမှူး | လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၃/ ၂၀၁၉)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မြန်မာ့ရေထွက်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရောင်းချရာတွင် ပို့ကုန်လုပ်ငန်းများ စနစ်တကျဖြစ်စေရန်၊ ဈေးကွက်တွင်ဖြစ်ပေါ်နေသည့် ဈေးနှုန်းများနှင့် များစွာကွာဟမှုမရှိစေဘဲ ပြည်ပပေါက်ဈေးနှင့် အနီးစပ်ဆုံးရရှိစေရန်၊ နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်နှင့် အမှန်ဈေးနှုန်းရရှိအောင် ညှိနှိုင်းပြီး တင်ပို့မှုလုပ်ငန်းများအား စိစစ်ကြပ်မတ်ခြင်းအားဖြင့် ပြည်ပတင်ပို့သည့်လုပ်ငန်းရှင်များအတွက် ဝင်ငွေတိုးတက်ရရှိစေရေးအတွက် **ပြည်ပသို့ရေထွက်ပစ္စည်းတင်ပို့ရောင်းချရာတွင် အမှန်ဈေးနှုန်းသတ်မှတ်ခြင်းကို ဆုံးဖြတ်သည့်အဖွဲ့** အား အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ ရာထူး | ဌာန | တာဝန် |
|---|---|---|---|
| (က) | ဦးခင်မောင်မော်<br>ညွှန်ကြားရေးမှူးချုပ် | ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |

| စဉ် | အမည်၊ ရာထူး | ဌာန | တာဝန် |
|---|---|---|---|
| (ခ) | ဦးမြင့်ဇင်ထူး<br>ဒုတိယညွှန်ကြားရေးမှူးချုပ် | ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးစိုးနိုင်<br>ပြည်နယ်ဦးစီးဌာနမှူး<br>(ရခိုင်) | ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးသောင်းနိုင်<br>ညွှန်ကြားရေးမှူး | ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်း<br>ရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးမိုးကျော်အေး<br>ညွှန်ကြားရေးမှူး | အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးတင်နိုင်ဝင်း<br>ဒုတိယပြည်နယ်ဦးစီးဌာနမှူး<br>(ကရင်) | ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးကျော်သီဟထွေး<br>ဒုတိယပြည်နယ်ဦးစီးဌာနမှူး<br>(ရှမ်း) | ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးစိုးမင်း<br>ဒုတိယပြည်နယ်ဦးစီးဌာနမှူး<br>(မွန်) | ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးမျိုးနိုင်<br>ဒုတိယညွှန်ကြားရေးမှူး<br>(ရန်ကုန်) | ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးစိုးမြင့်သိန်း<br>ခရိုင်ဦးစီးဌာနမှူး<br>(ကလေးခရိုင်) | ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဦးသန့်ဇင်<br>ခရိုင်ဦးစီးဌာနမှူး<br>(ကော့သောင်းခရိုင်) | ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဦးသက်နိုင်<br>ဒုတိယညွှန်ကြားရေးမှူး | ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒေါက်တာတိုးနန္ဒာတင်<br>ဒုတိယဥက္ကဋ္ဌ | မြန်မာနိုင်ငံငါးလုပ်ငန်း<br>အဖွဲ့ချုပ် | အဖွဲ့ဝင် |
| (ဎ) | ဦးထွန်းအေး<br>ဥက္ကဋ္ဌ | မြန်မာနိုင်ငံရေထွက်ပစ္စည်း<br>ထုတ်လုပ်သူများနှင့် ပို့ကုန်<br>လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး | ဌာန | တာဝန် |
|---|---|---|---|
| (ဏ) | ဦးကျော်နိုင်<br>အတွင်းရေးမှူး | ငါးတင်ငါးချဆိပ်ကမ်း (Jetty) | အဖွဲ့ဝင် |
| (တ) | ဦးဝင်းကြိုင်<br>ဒုတိယဥက္ကဋ္ဌ | မြန်မာနိုင်ငံငါးလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ထ) | ဦးသန့်ဇော်<br>အလုပ်အမှုဆောင် | ပုစွန်လုပ်ငန်းရှင် | အဖွဲ့ဝင် |
| (ဒ) | ဦးထွန်းစိန်<br>အတွင်းရေးမှူး | ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်းရှင် | အဖွဲ့ဝင် |
| (ဓ) | ဦးထွန်းဝင်းမြင့်<br>ညွှန်ကြားရေးမှူး | ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေအဖွဲ့ (IFAD) တို့ပူးပေါင်း၍ ကျေးလက်နေပြည်သူများ ရာသီဥတုပြောင်းလဲမှုကြောင့်ခံစားရမှုများကို တုံ့ပြန်နိုင်စွမ်းအား ကောင်းမွန်စေရန်နှင့် လူမှုစီးပွားရေးအဆင့် အတန်းများ မြင့်မားလာစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **အနောက်ပိုင်းဒေသများ စိုက်ပျိုး စီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း** အား အချိန်နှင့်တစ်ပြေးညီ ပြီးစီးနိုင်ရေးနှင့် ထိရောက်စွာစနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး **စီမံကိန်းလုပ်ငန်းကော်မတီ** (Project Working Committee-PWC)အား အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ ရာထူး | ဌာန | တာဝန် |
|---|---|---|---|
| (က) | ဦးမျိုးနိုင်အောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ် | ကျေးလက်ဒေသဖွံ့ဖြိုး<br>တိုးတက်ရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်ခင်မာဦး<br>ညွှန်ကြားရေးမှူး | စီမံကိန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးခင်မောင်ညွန့်<br>ညွှန်ကြားရေးမှူး | စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးအောင်ဝင်း<br>ညွှန်ကြားရေးမှူး | စက်မှုလယ်ယာဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒေါက်တာမြင့်နိုင်<br>ညွှန်ကြားရေးမှူး | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး | ဌာန | တာဝန် |
|---|---|---|---|
| (စ) | ဒေါက်တာမူမူသန်း<br>ဒုတိယညွှန်ကြားရေးမှူး | ဆည်မြောင်းနှင့် ရေအသုံးချမှု<br>စီမံခန့်ခွဲရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးသန်းလွင်<br>ဒုတိယညွှန်ကြားရေးမှူး | လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာပေါင်ရှင့်ကမ်း<br>သုတေသနအရာရှိ | စိုက်ပျိုးရေးသုတေသနဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါ်ကေဇင်လတ်<br>ဒုတိယညွှန်ကြားရေးမှူး | ငွေတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒေါက်တာဇာနည်မင်း<br>ညွှန်ကြားရေးမှူး | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး<br>ဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | အတွင်းရေးမှူး |

အထက်ဖော်ပြပါ **စီမံကိန်းလုပ်ငန်းကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

- လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီသည် စီမံကိန်းအဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် Project Management Unit (PMU) နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်နှင့် National Project Steering Committee (NPSC) ကို ပံ့ပိုးကူညီဆောင်ရွက်ပေးရန်၊
- စီမံကိန်း၏နှစ်စဉ်လုပ်ငန်းစီမံချက်နှင့် ဘတ်ဂျက်တို့ကို အပြီးသတ်ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဦးစီးဌာနများအကြား ဆက်စပ်ဆောင်ရွက်ပေးရန်၊
- စီမံကိန်းဆိုင်ရာဝန်ထမ်းများခန့်အပ်ရေးကို ကြီးကြပ်ဆောင်ရွက်ပေးရန်၊
- ပြည်နယ်/တိုင်းဒေသကြီးအဆင့်ရှိ သက်ဆိုင်ရာဦးစီးဌာနများအကြား ဆက်စပ်ဆောင်ရွက်ပေးရန်၊
- စီမံကိန်း၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု တိုးတက်ခြင်းအစီရင်ခံစာကို (၃) လတစ်ကြိမ် ပြန်လည်ဆန်းစစ်ရန်နှင့် အခက်အခဲများဖြေရှင်းရန်အတွက် ပူးပေါင်းဆောင်ရွက်ပေးရန်၊
- စီမံကိန်းဒေသများအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအစီအစဉ် (Work Plan) ကို သတ်မှတ်ကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်မှုအခြေအနေ၊ ပြီးစီးမှုအခြေအနေတို့ကို လစဉ်ကွင်းဆင်းကြီးကြပ်နိုင်ရေး လမ်းညွှန်မှုပေးရန်၊
- ကွင်းဆင်းကြီးကြပ်မှုနှင့် တွေ့ရှိချက်များကို ဓာတ်ပုံအထောက်အထား Check List များနှင့်တကွ အမျိုးသားအဆင့် စီမံကိန်းဦးဆောင်ကော်မတီသို့တင်ပြရန်နှင့် ကွင်းဆင်းစစ်ဆေးမှုကုန်ကျစရိတ်များကို စီမံကိန်း၏သက်ဆိုင်ရာငွေစာရင်းခေါင်းစဉ်မှ စနစ်တကျထိရောက်စွာ ကျခံနိုင်ရေးအတွက် ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရန်၊
- လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်စုံတစ်ရာလက်ခံနိုင်စွမ်းမရှိသည့် ကိစ္စရပ်များကိုတွေ့ရှိပါက အထူးအဖွဲ့ဖွဲ့စည်း၍ စစ်ဆေးပြီးလိုအပ်သော ပြုပြင်ကြပ်မတ်မှု၊ သတိပေးခြင်းနှင့် ထိရောက်သောအရေးယူဆောင်ရွက်ခြင်းများဖြင့် ကြီးကြပ်ကွပ်ကဲရန်၊

- စာရင်းစစ်ချုပ်ရုံး၏ စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီစွာ စစ်ဆေးမှုခံယူနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်၊
- ခွင့်ပြုထားသည့်ချေးငွေအား ထိရောက်လျင်မြန်စွာ အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ဆက်စပ်ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနမှ တာဝန်ပေးအပ်ထားသော Project Director အား ပံ့ပိုးကူညီဆောင်ရွက်ရန်၊
- စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်မှုအပေါ် ကြီးကြပ်စီမံထားရှိမှုများကို အမျိုးသားအဆင့်စီမံကိန်းဦးဆောင်ကော်မတီသို့ တင်ပြနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၇၄/ ၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်)

၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၄/ ၂၀၁၉) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး/တွဲဖက်ပါမောက္ခ/ဌာနမှူး (၄) ဦး၊ ကထိက (၁) ဦး၊ လက်ထောက်ကထိက/ဌာနစုမှူး (ဘဏ္ဍာ) (၂) ဦး၊ စုစုပေါင်းအရာထမ်း (၇) ဦးတို့အား လစ်လပ်လျက်ရှိသော ၎င်းတို့အမည်နှင့်ယှဉ်တွဲပါဌာနများရှိ တစ်ဆင့်မြင့်ရာထူးသို့ တာဝန်ဝတ္တရားများအမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ပြောင်းရွှေ့ ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| (၁) | ဒေါက်တာဆောဘောမ် | ဒုတိယညွှန်ကြားရေးမှူး (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) နိုင်ငံတကာဆက်ဆံရေးနှင့် သတင်း/နည်းပညာ | ညွှန်ကြားရေးမှူး (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) နိုင်ငံတကာဆက်ဆံရေးနှင့် သတင်း/နည်းပညာ |
| (၂) | ဒေါက်တာလှိုင်လှိုင်မြင့် | တွဲဖက်ပါမောက္ခ (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဆေးပညာဌာန | ပါမောက္ခ (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဆေးပညာဌာန |
| (၃) | ဒေါက်တာဝင်းဥမ္မာကျော် | တွဲဖက်ပါမောက္ခ (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ငါးမွေးမြူရေးနှင့် ငါးရောဂါဗေဒဌာန | ပါမောက္ခ (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ငါးမွေးမြူရေးနှင့် ငါးရောဂါဗေဒဌာန |
| (၄) | ဒေါက်တာမိုးသီတာထွန်း | တွဲဖက်ပါမောက္ခ (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒဌာန | ဌာနမှူး (သင်တန်းရေးရာ) (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) သင်တန်းရေးရာဌာန |
| (၅) | ဒေါက်တာသက်စုမြတ် | ကထိက (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ခွဲစိတ်ကုနှင့် မျိုးပွားပညာဌာန | တွဲဖက်ပါမောက္ခ (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ခွဲစိတ်ကုနှင့် မျိုးပွားပညာဌာန |
| (၆) | ဒေါက်တာယဉ်ယဉ်ကျော့ | လက်ထောက်ကထိက (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တိရစ္ဆာန်အာဟာရဗေဒဌာန | ကထိက (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) တိရစ္ဆာန်အာဟာရဗေဒဌာန |
| (၇) | ဒေါ်ယဉ်ယဉ်မြင့် | ဌာနစုမှူး (ဘဏ္ဍာ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ငွေစာရင်းဌာန | လက်ထောက်ညွှန်ကြားရေးမှူး (ဘဏ္ဍာ) (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ငွေစာရင်းဌာန |

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့ (IFAD) တို့ပူးပေါင်း၍ ကျေးလက်နေပြည်သူများ ရာသီဥတုပြောင်းလဲမှုကြောင့်ခံစားရမှုများကို တုံ့ပြန်နိုင်စွမ်းအား ကောင်းမွန်စေရန်နှင့် လူမှုစီးပွားရေးအဆင့် အတန်းများ မြင့်မားလာစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **အနောက်ပိုင်းဒေသများ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း** အား ပြည်နယ်/တိုင်းဒေသကြီးအဆင့် လိုအပ်သည်များ ညှိနှိုင်း ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်နှင့် ချင်းပြည်နယ်၊ မင်းတပ်ခရိုင်တို့တွင် **စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရေးရုံး (Project Implementation Office-PIO)** များအား အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

**စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးရုံး (မကွေးတိုင်းဒေသကြီး)**

| စဉ် | အမည်၊ ရာထူး | ဌာန | တာဝန် |
|---|---|---|---|
| (က) | ဦးတင့်ဝေ<br>ခရိုင်ဦးစီးဌာနမှူး<br>(ပခုက္ကူခရိုင်) | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးရန်နိုင်ဝင်း<br>ခရိုင်ဦးစီးဌာနမှူး<br>(ပခုက္ကူခရိုင်) | စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးဇော်ဝင်းမြင့်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(ပခုက္ကူခရိုင်) | ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးမြင့်စိုး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(ပခုက္ကူခရိုင်) | စက်မှုလယ်ယာဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒေါ်အေးအေးသန့်<br>မြို့နယ်ဦးစီးမှူး<br>(ပေါက်မြို့နယ်) | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးကျော်မင်းထွန်း<br>မြို့နယ်ဦးစီးမှူး<br>(မြိုင်မြို့နယ်) | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးခင်မောင်ဆွေ<br>မြို့နယ်ဦးစီးမှူး<br>(ပေါက်မြို့နယ်) | စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး | ဌာန | တာဝန် |
|---|---|---|---|
| (ဇ) | ဦးစိန်မောင်<br>မြို့နယ်ဦးစီးမှူး<br>(မြိုင်မြို့နယ်) | စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာဝင်းမြင့်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(မြိုင်မြို့နယ်) | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးမျိုးညွန့်<br>ဦးစီးအရာရှိ<br>(မြိုင်မြို့နယ်) | လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒေါက်တာစိန်ဝင်း<br>ဦးစီးအရာရှိ<br>(ပေါက်မြို့နယ်) | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဦးချိုသင်း<br>ဒုတိယဦးစီးမှူး<br>(ပေါက်မြို့နယ်) | လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ကိုယ်စားလှယ်တစ်ဦး | သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | Implementing Partner | - | အဖွဲ့ဝင် |

**စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးရုံး (ချင်းပြည်နယ်)**

| စဉ် | အမည်၊ ရာထူး | ဌာန | တာဝန် |
|---|---|---|---|
| (က) | ဦးကျော်ကျော်<br>ခရိုင်ဦးစီးဌာနမှူး<br>(မင်းတပ်ခရိုင်) | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးဝင်းမြင့်<br>ခရိုင်ဦးစီးဌာနမှူး<br>(မင်းတပ်ခရိုင်) | စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးလှိုင်ဦး<br>မြို့နယ်ဦးစီးမှူး<br>(မင်းတပ်မြို့နယ်) | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးထန်းအွမ်<br>မြို့နယ်ဦးစီးမှူး<br>(ကန်ပက်လက်မြို့နယ်) | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး | ဌာန | တာဝန် |
|---|---|---|---|
| (င) | ဦးကျော်မင်းသန့်<br>မြို့နယ်ဦးစီးမှူး<br>(မင်းတပ်မြို့နယ်) | စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးမောင်းအွမ်<br>မြို့နယ်ဦးစီးမှူး<br>(ကန်ပက်လက်မြို့နယ်) | စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးဝင်းကျော်<br>မြို့နယ်ဦးစီးမှူး<br>(မင်းတပ်မြို့နယ်) | ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာမိုင်လီလိန်<br>ဦးစီးအရာရှိ<br>(မင်းတပ်မြို့နယ်) | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာဟန်ထွန်းမောင်<br>ဦးစီးအရာရှိ<br>(ကန်ပက်လက်မြို့နယ်) | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးသန်းလှိုင်<br>ဒုတိယဦးစီးမှူး<br>(မင်းတပ်မြို့နယ်) | လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဦးဝင်းမြင့်ထွန်း<br>ဒုတိယဦးစီးမှူး<br>(ကန်ပက်လက်မြို့နယ်) | လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ကိုယ်စားလှယ်တစ်ဦး | သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | Implementing Partner<br>(Care International) | - | အဖွဲ့ဝင် |

အထက်ဖော်ပြပါ **စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးရုံး** (Project Implementation Office-PIO) များ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

- စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးရုံးများကို စီမံကိန်းဧရိယာများဖြစ်သည့် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နှင့် ချင်းပြည်နယ်၊ မင်းတပ်မြို့တို့တွင် ဖွင့်လှစ်ဆောင်ရွက်ရန်၊
- စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးရုံးများတွင် ကျေးလက်ဦးစီးဌာန၏ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအရာထမ်းများမှ Project Coordinator များအဖြစ် ဦးဆောင် ဆောင်ရွက်ရန်၊
- PIO အတွက် ဝန်ထမ်းများကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဆက်စပ်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ဝန်ထမ်းများကို ခန့်အပ်တာဝန် ပေးရန်၊

- စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် ညှိနှိုင်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်၊
- စီမံကိန်းကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စနစ်တကျကြီးကြပ်ဆောင်ရွက်ပေးရန်နှင့် စီမံကိန်းတိုးတက်မှုအစီရင်ခံစာများ (လစဉ်၊ သုံးလပတ်၊ နှစ်ဝက်အစီရင်ခံစာနှင့် နှစ်ပတ်လည်အစီရင်ခံစာ) ကို ပြုစု၍ PMU သို့ တင်ပြရန်၊
- မိတ်ဖက်အဖွဲ့အစည်းများ (Implementing Partners) အနေဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးရုံးများကို ကူညီဆောင်ရွက်ရန်၊
- Implementing Partners များအနေဖြင့် သက်ဆိုင်ရာ စီမံကိန်းအကောင်အထည်ဖော်ရေးရုံးများတွင် နည်းပညာအကူအညီ အထောက်အပံ့များပေးရန်အတွက် စီမံကိန်းအကောင်အထည်ဖော်ရေးအကြံပေးပညာရှင် (Project Implementation Advisor) များ ထောက်ပံ့ကူညီရန်၊
- Implementing Partners များအနေဖြင့် စီမံကိန်းကာလအတွင်း စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် အကြံပေးအဖြစ် တာဝန်ယူဆောင်ရွက်ရန်၊
- ပြည်နယ်/တိုင်းဒေသကြီးအဆင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ဘဏ္ဍာရေး) အနေဖြင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုများကို ဆောင်ရွက်ရန်နှင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးရုံးတွင် ငွေစာရင်းကိုင် (၁) ဦးကို တာဝန်ပေးအပ်ရန်။

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၉ ရက်)

**တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် မေလတွင်ထုတ်ပြန်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံး၍ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်အတွင်းကျရောက်သည့် အကျယ်အဝန်း (၃၀၇၀၀) ဧက၊ (၄၇. ၃၆) စတုရန်းမိုင်ရှိမြေကို သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းကာကွယ်ရန်အလို့ငှာ "မန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော" အဖြစ် ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက် (၂၀၁၉ ခုနှစ်၊ မတ်လ ၂၉) ရက်မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

## နယ်နိမိတ်အလားအလာဖော်ပြချက်

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း FT-395442၊ မန်းချောင်းဖျားမှအစပြု၍ အရှေ့ဘက်သို့ (၁၃၉၁) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း FT-414444 နေရာအထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၂၃၃၇) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း FT-430427 နေရာအထိ၊ ထိုမှ အရှေ့ ဘက်သို့ (၁၆၈၇) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း FT-446424 မန်းချောင်းဖျားနှင့် ပဒါန်းချောင်းဖျား နေရာအထိ၊

အရှေ့ဘက် ။ ။ ၎င်းမှတောင်ဘက်သို့ (၆၈၇၉) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း FT-443358 မန်းချောင်းဆုံရာနေရာအထိ၊ ထိုမှ အရှေ့ဘက်သို့ (၂၃၃၇) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း FT-466359 မန်းချောင်းမကြီးနေရာအထိ၊ ထိုမှ တောင်ဘက်သို့ (၅၂၅၄) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း FT-470310 ကင်းချောင်းဖျားနေရာအထိ၊ ထိုမှ အရှေ့ဘက်သို့ (၂၈၀၂) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း FT-497312 ဒိုချောင်းဖျားနေရာအထိ၊ ထိုမှတောင်ဘက်သို့ (၆၁၈၄) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း FT-476253 ပေါက်စတောင်ကြောထိပ်အထိ၊ ထိုမှ အရှေ့ဘက်သို့ (၄၁၈၅) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း FT-538252 ကျောက်ဘုရားတောင်ကြောထိပ်နေရာအထိ၊ ထိုမှတောင်ဘက်သို့ (၄၉၆၈) ကိုက်လာရာ ခန့်မှန်းမြေပုံညွှန်း FT-529211 ဆင်လမ်းချောင်းဆုံနေရာအထိ၊ ထိုမှ အနောက်ဘက်သို့ (၃၂၉၁) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း FT-495208 ပေါက်စတောင်ကြောအထိ၊ ထိုမှ တောင်ဘက်သို့ (၈၇၉၀) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း FT-511131 မင်းဘူး-အမ်းကားလမ်းဘေး နေရာအထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်ဘက်သို့ (၁၂၃၉) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း FT-500138 ငဖဲ-အမ်းနယ်ကြားတောင်ကြောထိပ်နေရာအထိ၊

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ (၉၁၃၀) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း FT-480220 ပေါက်စတောင်ကြောနေရာအထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၃၀၄၂) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း FT-451230 ရေလျှံတောင်ကြောနေရာအထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁၇၉၀၃) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း FT-387389 မန်းချောင်းဖျားနေရာအထိ၊ ထိုမှ မြောက်ဘက်သို့ (၅၆၄၂) ကိုက်ခန့်လာရာ မူလစတင်သည့်နေရာ ခန့်မှန်းမြေပုံညွှန်း FT-395442 နေရာအထိ။

## တားမြစ်ချက်များ

၂။ မန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် တည်ထောင်ရန်ရည်ရွယ်သည့် နယ်မြေအတွင်း အောက်ဖော်ပြပါ တားမြစ်ချက်များကို မပြုလုပ်ရန်တားမြစ်လိုက်သည် -

(က) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ခ) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဂ) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာ ပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း၊

(ဃ) ကာကွယ်ထားသည့် တိရစ္ဆာန်များအပါအဝင် မည်သည့် တောရိုင်းတိရစ္ဆာန်ကိုမျှ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ၎င်း၏အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း လုံးဝမပြုလုပ်ရ၊

(င) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း မည်သည့်သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း လုံးဝမပြုလုပ်ရ၊

(စ) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း သက်ရှိသက်မဲ့ ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထား အတိုင်း တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဆ) လူတို့မွေးမြူထားသော တိရစ္ဆာန်ကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော် ဝင်ရောက်စေခြင်း၊

(ဇ) မြေကို တူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ဈ) အများပြည်သူကြည့်ရှုလေ့လာ အပန်းဖြေခွင့်ပြုထားသော နေရာများမှအပ တားမြစ်ထားသော နေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ည) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

**ပဏာမစိစစ်ရေးအဖွဲ့**

၃။ မန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်တည်ထောင်မည့်နယ်မြေရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးနိုင်ရန်နှင့် နယ်မြေသတ်မှတ်တည်ထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (င) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ ပါဝင်သည့် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးစီးအရာရှိ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးစီးအရာရှိ၊ စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စားလှယ် | အဖွဲ့ဝင် |
| (င) | အုပ်ချုပ်ရေးမှူး၊ ရွှေစက်တော်ဘေးမဲ့တော | အဖွဲ့ဝင် |
| (စ) | မြို့နယ်ဦးစီးဌာနမှူး၊ သစ်တောဦးစီးဌာန | အတွင်းရေးမှူး |

**လုပ်ငန်းတာဝန်**

၄။ ပဏာမစိစစ်ရေးအဖွဲ့သည် နောက်ဆက်တွဲ (က) ပါ ကြေးတိုင်ပုံစံများအရ သတ်မှတ်တည်ထောင်မည့် သဘာဝထိန်းသိမ်းရေးနယ်မြေတည်ရှိရာ နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှု များကို စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ်ရန်အတွက် အောက်ပါလုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက် ရမည် -

(က) မန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော သတ်မှတ်ဖွဲ့စည်းမည့်အကြောင်းနှင့် သတ်မှတ်ဖွဲ့စည်းရန် ရည်ရွယ်ကြောင်း ကြိုတင်ကြေညာသည့် နယ်မြေဒေသရှိ အများပြည်သူတို့သည် မိမိတို့၏ အခွင့်အရေးများ ထိခိုက်နစ်နာမှုရှိပါက ခိုင်လုံသောအထောက်အထားဖြင့် ပဏာမစိစစ်ရေးအဖွဲ့သို့ ကြိုတင်ကြေညာသည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း တင်ပြတောင်းခံနိုင်ရေး၊ ဆိုင်ရာဆိုင်ခွင့် လျှောက်ထားနိုင်ကြောင်း သက်ဆိုင်သူအားလုံးသိရှိစေရန် သက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အသိပေး ကြေညာခြင်း၊

(ခ) ရည်ရွယ်ကြောင်းကြေညာထားသည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးမနစ်နာ စေရေး လျှောက်ထားတင်ပြလာသူ တစ်ဦးချင်းစီ၏ ဆိုင်ရာဆိုင်ခွင့်လျှောက်ထားချက်များအား အထောက်အထားခိုင်လုံမှု ရှိ မရှိကို စစ်ဆေးခြင်း ရှိ မရှိနှင့် စာရင်းများကို ကြေးတိုင်ပုံစံတွင် ထည့်သွင်းဖော်ပြနိုင်ရန် ပြုစုခြင်း၊

(ဂ) အဆိုပါ တင်ပြလျှောက်ထားလာမှုနှင့်ပတ်သက်၍ တရားမကျင့်ထုံးဥပဒေအရ လိုအပ်သော သက်သေများကို ဆင့်ခေါ်ခြင်းနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများစစ်ဆေးခြင်း၊ အစိုးရက ခွင့်ပြုရန်ရှိသည့်ကိစ္စအတွက် ထောက်ခံတင်ပြသည့် လျော်ကြေးငွေစာရင်းကို ပြုစုခြင်း၊

(ဃ) သတ်မှတ်သည့်နယ်မြေဒေသအတွင်း လူနေကျေးရွာများ၊ အများပိုင်မြေများ၊ အစိုးရဌာနစီမံခန့်ခွဲခွင့်ရှိသည့်မြေများ၊ ဘာသာရေးဆိုင်ရာမြေများ စသည်တို့ကို ချန်လှပ်ခြင်း၊ ထည့်သွင်းဖွဲ့စည်းသင့်သည့် မြေအမျိုးအစားများအတွက် ဒေသခံများအသုံးချနေသည့်မြေများကို ဆိုင်ရာဆိုင်ခွင့်စာရင်းတွင် ထည့်သွင်းခြင်း၊ ကြားခံနယ်မြေများကို ဖော်ထုတ်သတ်မှတ်ခြင်း၊

(င) ကြေးတိုင်ပုံစံများကို လုပ်ထုံးလုပ်နည်းနှင့်အညီပြုစု၍ သတ်မှတ်အချိန်ကာလအတွင်း မန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဖွဲ့စည်းမည့် ဧရိယာအပါအဝင် အမိန့်ကြော်ငြာစာ (မူကြမ်း) နှင့်တကွ ပြန်လည်တင်ပြခြင်း။

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်)

## အမျိုးသားဥယျာဉ်သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၂၀၁၈ ခုနှစ် မေလတွင် ထုတ်ပြန်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ချင်းပြည်နယ်၊ ဟားခါးခရိုင် ဟားခါးမြို့နယ်နှင့် ထန်တလန်မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်အတွင်းကျရောက်နေသည့် အကျယ်အဝန်း (၄၃,၅၃၀) ဧက၊ (၆၈. ၀၂) စတုရန်းမိုင်ရှိသည့်မြေကို ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်အလို့ငှာ **ဗွေပါးတောင်အမျိုးသားဥယျာဉ်** အဖြစ် ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၄ ရက် (၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်) မှစတင်၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

### နယ်နိမိတ်လားရာဖော်ပြချက်

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း EV-474962 မှအစပြု၍ အရှေ့မြောက်စူးစူးသို့ (၁၈၀၀) မီတာခန့်လာရာ ခန့်မှန်းမြေပုံညွှန်း EV-487973 တွင် (၂၁၃၁) မီတာမြင့်သောတောင်ကုန်းအထိ။ ထိုမှ အရှေ့စူးစူးသို့ (၈၀၀) မီတာခန့်လာရာ ခန့်မှန်းမြေပုံညွှန်း EV-487973 အထိ။ ထိုမှ အရှေ့တောင်ဘက်စူးစူးသို့ မီတာ (၇၀၀) ခန့်ဆင်းလာရာ ခန့်မှန်းမြေပုံညွှန်း EV-490967 တွင် ဖန်ဇာန်ချောင်းအထိ၊

အရှေ့ဘက် ။ ။ ထိုမှ ဖန်ဇာန်ချောင်းကိုဖြတ်၍ တောင်ဘက်သို့ မီတာ (၃၅၀၀) ခန့်ဆင်းလာရာ ခန့်မှန်းမြေပုံညွှန်း EV-498932၊ ထိုမှ အနောက်ဘက်သို့ တောင်ယာဧရိယာနယ်နိမိတ်လမ်းအတိုင်း မီတာ (၅၀၀) ခန့်တက်လာရာ ခန့်မှန်းမြေပုံညွှန်း EV-496930 အထိ။ ထိုမှ တောင်ယာဧရိယာအနောက်ဘက် နယ်နိမိတ်အတိုင်း တောင်ဘက်သို့ မီတာ (၁၈၀၀) ခန့်ဆင်းလာရာ ခွာအာန်နှာချောင်းကိုဖြတ်ပြီး ခန့်မှန်းမြေပုံညွှန်း EV-498923 အထိ။ ထိုမှ အရှေ့ဘက်သို့ မီတာ (၅၀၀) ခန့်ဆင်းလာရာ ခန့်မှန်းမြေပုံညွှန်း EV-503922 အထိ။ ထိုမှ ချောင်းလက်တက်ကိုဖြတ်ပြီး တောင်ဘက်သို့ မီတာ (၄၂၀၀) ခန့်ဆင်းလာရာ ခန့်မှန်းမြေပုံညွှန်း EV-513860 အထိ။ ထိုမှ တောင်ဘက်စူးစူးသို့ မီတာ (၉၀၀၀) ခန့်ဆင်းလာရာ ခန့်မှန်းမြေပုံညွှန်း EV-514769 အထိ။ ထိုမှ အရှေ့တောင်ထောင့်ယွန်းယွန်း သို့ ဗွေနုမြစ်လက်တက်များအားဖြတ်၍ (၁၅၀၀) မီတာလာရာ ခန့်မှန်းမြေပုံညွှန်း EV-518753 အထိ။ ထိုမှ ချောင်းလက်တက်ကိုဖြတ်၍ ခင်ကြောအတိုင်း မီတာ (၈၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း

EV-517744 အထိ။ ထိုမှ အရှေ့တောင်ဘက်သို့ ချောင်းအတိုင်း မီတာ (၁၁၀၀) ခန့် ဆင်းလာရာ ခန့်မှန်းမြေပုံညွှန်း EV-524735 အထိ။ ထိုမှ အရှေ့မြောက်ဘက်သို့ မီတာ (၄၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း EV-528741 အထိ။ ထိုမှ အရှေ့တောင်ယွန်းယွန်းသို့ မီတာ (၁၄၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း EV-540730 အထိ။ ထိုမှ အရှေ့တောင်ထောင့်၊ တောင်ယွန်းယွန်းသို့ ဒေါင်ဗားချောင်းလက်တက်ကိုဖြတ်၍ (၁၅၀၀) မီတာလာရာ ဒေါင်ဗားချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း EV-546716 အထိ။ ထိုမှ အရှေ့တောင်စူးစူးသို့ (၃၇၅၀) မီတာလာရာ စီလင်းချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း EV-568690 အထိ။ ထိုမှ အရှေ့တောင်စူးစူးသို့ (၃၇၀၀) မီတာလာရာ ခန့်မှန်းမြေပုံညွှန်း EV-588653 အထိ။ ထိုမှ တောင်စူးစူးသို့ (၂၂၅၀) မီတာလာရာ ခန့်မှန်းမြေပုံညွှန်း EV-586630 အထိ။ ထိုမှ အနောက်မြောက်ဘက်သို့ မီတာ (၁၀၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း EV-577634 အထိ။ ထိုမှ တောင်ဘက်သို့ ဘွေနူးမြစ်ချောင်းလက်တက်ကိုဖြတ်၍ မီတာ (၁၅၀၀) ခန့် ဆင်းလာရာ ခန့်မှန်းမြေပုံညွှန်း EV-574614 အထိ။ ထိုမှ အရှေ့တောင်ဘက်သို့ ခင်ကြော အတိုင်း မီတာ (၁၅၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း EV-585605 အထိ။ ထိုမှ တောင်ဘက်သို့ မီတာ (၄၀၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း EV-585556 အထိ။ ထိုမှ အနောက်ယွန်းယွန်းသို့ မီတာ (၈၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း EV-568554 အထိ။ ထိုမှ ခင်ကြောအတိုင်း အနောက်တောင်ယွန်းယွန်းသို့ မီတာ (၁၄၀၀) ခန့်လာရာ ခန့်မှန်း မြေပုံညွှန်း EV-561540 အထိ။ ထိုမှ အရှေ့တောင်ယွန်းယွန်းသို့ ခင်ကြောအတိုင်း မီတာ (၁၂၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း EV-572535 အထိ။ ထိုမှ ခင်ကြောအတိုင်း အရှေ့မြောက်ယွန်းယွန်းသို့ မီတာ (၁၀၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း EV-589538 အထိ။ ထိုမှ တောင်ဘက်သို့ မီတာ (၄၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း EV-590533 အထိ၊

တောင်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း EV-590533 မှအစပြု၍ အနောက်တောင်ဘက်ယွန်းယွန်းသို့ ခင်ကြော အတိုင်း မီတာ (၁၀၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း EV-583526 အထိ။ ထိုမှ ခင်ကြော အတိုင်း အနောက်ဘက်သို့ မီတာ (၂၃၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း EV-556521 အထိ။ ထိုမှ တောင်ဘက်သို့ ခင်ကြောအတိုင်း မီတာ (၄၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း EV-554517 အထိ။ ထိုမှ အနောက်ဘက်ယွန်းယွန်းသို့ မီတာ (၆၀၀) ခန့်လာရာ ခန့်မှန်း မြေပုံညွှန်း EV-548519 အထိ။ ထိုမှ မြောက်ယွန်းယွန်းသို့ ခင်ကြောအတိုင်း မီတာ (၂၀၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း EV-553540 အထိ။ ထိုမှ အနောက်မြောက်ဘက်သို့ မီတာ (၆၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း EV-547544 အထိ။ ထိုမှ အနောက်တောင်ဘက်သို့ ခင်ကြောအတိုင်း မီတာ (၂၀၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း EV-531531 နေရာအထိ။ ထိုမှ အနောက်မြောက်ဘက်သို့ ခင်ကြောအတိုင်း မီတာ (၂၁၀၀) ခန့်လာရာ ခန့်မှန်း မြေပုံညွှန်း EV-510540 အထိ၊

အနောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း EV-510540 မှအစပြု၍ အရှေ့မြောက်ထောင့်ယွန်းယွန်းသို့ (၇၇၅၀) မီတာလာရာ ခန့်မှန်းမြေပုံညွှန်း EV-530610 အထိ။ ထိုမှ အနောက်မြောက်ထောင့်၊ မြောက်စူးစူးသို့ (၃၅၀၀) မီတာလာရာ ခန့်မှန်းမြေပုံညွှန်း EV-527646 အထိ။ ထိုမှ ထန်ဟောရ်ချောင်း၏အရှေ့ဘက်မှစီးဝင်သော ချောင်းလက်တက်ကိုဖြတ်၍ အနောက်မြောက် ထောင့်စူးစူးသို့ (၃၇၅၀) မီတာလာရာ ခန့်မှန်းမြေပုံညွှန်း EV-510680 အထိ။ ထိုမှ အနောက်မြောက်ထောင့်၊ မြောက်စူးစူးဘက်သို့ ထန်ဟောရ်ချောင်းလက်တက်ကိုဖြတ်၍ (၅၅၀၀) မီတာလာရာ ခန့်မှန်းမြေပုံညွှန်း EV-498730 အထိ။ ထိုမှ အနောက်မြောက် ထောင့်၊ မြောက်စူးစူးသို့ မီတာ (၄၀၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း EV-487769 တွင် အမြင့်ပေ (၂၄၁၂) မီတာမြင့်သောတောင်ကုန်းအထိ။ ထိုမှ အနောက်မြောက်ထောင့်၊ မြောက်စူးစူးသို့ (၁၇၅၀) မီတာခန့်လာရာ ခန့်မှန်းမြေပုံညွှန်း EV-483787 အထိ။ ထိုမှ

မြောက်ဘက်စူးစူးသို့ ထန်ဟောရ်ချောင်းသို့ အရှေ့ဘက်မှစီးဝင်သည့် ချောင်းလက်တက်များကိုဖြတ်၍ (၅၀၀၀) မီတာလာရာ ခန့်မှန်းမြေပုံညွှန်း EV-483837 အထိ။ ထိုမှမြောက်ဘက်စူးစူးသို့ (၄၂၀၀) မီတာခန့်လာရာ ခန့်မှန်းမြေပုံညွှန်း EV-484880 အထိ။ ထိုမှ မြောက်ဘက်သို့ မီတာ (၈၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း EV-481930 ဟားခါးနှင့် ထန်တလန်မြို့နယ် နယ်နိမိတ်ဆုံရာအထိ။ ထိုမှ မြို့နယ်နယ်နိမိတ်လမ်းအတိုင်းမြောက်ဘက်သို့ မီတာ (၃၀၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း EV-476959 အထိ။ ထိုမှအနောက်ဘက်သို့ မီတာ (၃၀၀) ခန့်လာရာ မူလအစပြုရာ ခန့်မှန်းမြေပုံညွှန်း EV-474962 အထိ။

**တားမြစ်ချက်များ**

၂။ ဗွေပါးတောင်အမျိုးသားဥယျာဉ် ဖွဲ့စည်းသတ်မှတ်ရန်ရည်ရွယ်သည့် သတ်မှတ်နယ်မြေအတွင်းအောက်ဖော်ပြပါ တားမြစ်ချက်များကို မပြုလုပ်ရန် ဤအမိန့်ထုတ်ပြန်သည့်နေ့မှစ၍ တားမြစ်လိုက်သည် -

(က) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ခ) အမျိုးသားဥယျာဉ်အတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားရှိခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဂ) အမျိုးသားဥယျာဉ်အတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင်အဆိပ်ခတ်ခြင်း၊

(ဃ) ကာကွယ်ထားသည့် တိရစ္ဆာန်များအပါအဝင် မည်သည့်တောရိုင်းတိရစ္ဆာန်ကိုမျှ အမျိုးသားဥယျာဉ်အတွင်းသော်လည်းကောင်း ဥယျာဉ်နှင့်ထိစပ်ဆက်စပ်နေသည့် နေရာဒေသအတွင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(င) အမျိုးသားဥယျာဉ်အတွင်း မည်သည့်သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း၊

(စ) အမျိုးသားဥယျာဉ်အတွင်း သက်ရှိသက်မဲ့ ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားတည်ရှိမှုတစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဆ) လူတို့မွေးမြူထားသောတိရစ္ဆာန်များကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဇ) မြေကို တူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ဈ) အများပြည်သူကြည့်ရှုလေ့လာ အပန်းဖြေခွင့် ပြုထားသောနေရာများမှအပ တားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ည) အမျိုးသားဥယျာဉ်အတွင်း မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

**၃။ ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏ အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| ၁။ | ဒေါင်ဗား-သီဆဲင်း ကျေးရွာချင်းဆက် (ဆိုင်ကယ်) လမ်းအသုံးပြုခွင့်ပေးရန် | ဒေါင်ဗား-သီဆဲင်းကျေးရွာချင်းဆက် (ဆိုင်ကယ်) လမ်းအသုံးပြုခွင့်ပြုသည်။ လမ်းတာချဲ့ခြင်း ခွင့်မပြုပါ။ |
| ၂။ | ဆူငင်း-ဖိုင်ဖာ ကျေးရွာချင်းဆက် (လူသွား) လမ်းအသုံးပြုခွင့်ပေးရန် | ဆူငင်း-ဖိုင်ဖာကျေးရွာချင်းဆက် (လူသွား) လမ်းအသုံးပြုခွင့်ပြုသည်။ လမ်းတာချဲ့ခြင်း ခွင့်မပြုပါ။ |
| ၃။ | ဖိုင်ဖောင်း-ထန်သြကျေးရွာချင်းဆက် ကားလမ်းအသုံးပြုခွင့်ပေးရန် | ဖိုင်ဖောင်း-ထန်သြ ကျေးရွာချင်းဆက် မူလလမ်းအတိုင်း အသုံးပြုခွင့်ပြုသည်။ လမ်းတာချဲ့ခြင်း ခွင့်မပြုပါ။ |

၄။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်။

အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

၁၃၈၀ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

အမှတ် ၃၂ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ စာအမှတ်၊ ၄ မက (ခ) ၂၀၁၉/၅၈၉၄ ဖြင့် ခွင့်ပြုချက်အရ ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်ရုံးခွဲ)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (သုတေသန) ဒေါက်တာခင်စောအေး (ဆမ-၉၈၃၂) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား အများပြည်သူအကျိုးငှာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အပိုဒ် (၈၁) အရ ငြင်းပယ်လိုက်သည်။

ထိုသို့ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၉

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၈ ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅၀/၂၀၁၆ ဖြင့် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ခြင်း လျှောက်ထားလာမှု (Advance Ruling on Classification) (၁) စောင်လျှင် (၅၀,၀၀၀/-) (ကျပ်ငါးသောင်းတိတိ) နှုန်းဖြင့် ကောက်ခံဆောင်ရွက်သွားမည်ဖြစ်ပြီး ဖြည့်စွက်ရမည့် Advance Ruling on Classification Form [Form CR-98 (A)] အား နောက်ဆက်တွဲပါအတိုင်း ပြဋ္ဌာန်းသတ်မှတ်လိုက်သည်။

စိုးဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။

(original)
Form-CR-. 98(A)

The Republic of the Union of Myanmar

Ministry of Planning and Finance

Customs Department

## Application for Advance Ruling on Classification

## ကုန်ပစ္စည်းအမျိုးအစားကြိုတင်သတ်မှတ်ခြင်းလျှောက်လွှာပုံစံ

Please fill up in English (or) Myanmar Language

အင်္ဂလိပ် (သို့မဟုတ်) မြန်မာဘာသာ တစ်မျိုးဖြင့်သာ ဖြည့်သွင်းရန်

| | |
|---|---|
| To<br>သို့<br>Director of Export, Import Control Division, ☐<br>ညွှန်ကြားရေးမှူး၊ ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ၊<br>Customs Department, Yangon.<br>အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ ရန်ကုန်။ ☐<br>Township Customs Station / OSS<br>မြို့နယ်အကောက်ခွန်ဦးစီးဌာန / OSS ..................<br>..........................................................<br>(Please mark in the box)<br>ကျေးဇူးပြု၍ လေးထောင့်ကွက်တွင် ( ✓ ) အမှန်ခြစ်ပါ။ | *(official use only)*<br>ရုံးသုံးအတွက်သာ<br><br>Registration No. Date............<br>မှတ်ပုံတင်အမှတ် ရက်စွဲ<br>Reply Reference No. Date............<br>ပြန်ကြားချက်အမှတ် ရက်စွဲ<br><br>Reply by (Sign)...............................<br>ပြန်ကြားသူ၏ လက်မှတ် |

### I. Particulars of Applicant
လျှောက်ထားသူ၏ အချက်အလက်များ

| | |
|---|---|
| (1) Name of Applicant:<br>လျှောက်ထားသူ အမည် | (2) National Registration Card No. / Passport No.:<br>နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် / ပတ်စ်ပို့နံပါတ် |
| (3) Position:<br>ရာထူး | |

(4) Company / Organization:
ကုမ္ပဏီအဖွဲ့အစည်း

(a) Name:......................................................................................................
အမည်

(b) Company Registration No.:..........................................................................
ကုမ္ပဏီမှတ်ပုံတင်အမှတ်

(c) Address:....................................................................................................
နေရပ်လိပ်စာ

(d) Phone No.:..................................................................................................
ဖုန်းနံပါတ်

(e) Fax No.:......................................................................................................
ဖက်စ်နံပါတ်

(f) Email Address:............................................................................................
အီးမေးလ်လိပ်စာ

## II. Supporting Documents
အထောက်အထား စာရွက်စာတမ်းများ

| Item :<br>ကုန်ပစ္စည်း အမျိုးအမည် | Page Reference :<br>ရည်ညွှန်းချက် |
|---|---|
| (1) Details of commercial arrangement and issue to be considered (Time Schedule of Shipment, Investment, Long-termed contract, etc.,)<br>ကုန်သွယ်မှုဆိုင်ရာ အစီအစဉ်နှင့် အသေးစိတ် ထည့်သွင်းစဉ်းစားရမည့် အချက်များ (သင်္ဘောတင်အချိန်ဇယား၊ ရင်းနှီးမြှုပ်နှံမှု၊ နှစ်ရှည်စာချုပ် စသည်) | |
| (2) Proposed HS Code (if any)<br>အဆိုပြု HS Code (ရှိလျှင်) | |
| (3) Other relevant documents (if any)<br>အခြားစာရွက်စာတမ်းအထောက်အထားများ (ရှိလျှင်) | |

(4) Has a previous request/ enquiry been made on the same or a similar arrangement?
ယခင်လျှောက်ထားခဲ့သည့် အချက်အလက်များနှင့်တူညီလျှင် (သို့မဟုတ်) အလားတူကိစ္စရပ်များ ရှိ/မရှိ
Please tick ( ✓ ): ☐ YES ☐ NO
( ✓ ) ပြုလုပ်ရန်
If yes, indicate the relevant reference.
အကယ်၍ ရှိပါက သက်ဆိုင်သည့် ရည်ညွှန်းချက်များကို ဖော်ပြပါ။
Date : Reference No. :
ရက်စွဲ ရည်ညွှန်းချက်အမှတ်

## III. Particulars of Goods
ကုန်ပစ္စည်းဆိုင်ရာ အချက်အလက်များ

1. Name.......................................... 2. Brand..........................................
အမည် ကုန်အမှတ်တံဆိပ်
3. Model No. .......................................... 4. Manufacturer ..........................................
မော်ဒယ်လ်နံပါတ် ထုတ်လုပ်သူ
5. Country of Origin ..........................................
ပင်ရင်းနိုင်ငံ
6. Supplier ..........................................
ကုန်ပို့သူ
7. Composition ..........................................
ကုန်ပစ္စည်းတွင် ပါဝင်သည့်အချက်များ
8. Specification/power/capacity ..........................................
ကုန်ပစ္စည်း၏ လုပ်ဆောင်နိုင်မှု အချက်အလက်များ
9. Usage/ Function ..........................................
အသုံးပြုပုံ/ လုပ်ဆောင်ချက်
10. Manner of packing ..........................................
ထုပ်ပိုးမှုပုံစံ
11. Submitted with — Sample ☐ Catalogue ☐ Pamphlet ☐ Photo ☐ (Please mark)
နှင့်အတူတင်ပြပါသည်- နမူနာ ကတ်တလောက် လက်ကမ်းစာစောင် ဓာတ်ပုံ/ရုပ်ပုံ (အမှတ်သင်္ကေတ ပြပါရန်)
12. How goods are processed ..........................................
မည်ကဲ့သို့ ထုတ်လုပ်ခဲ့သည်

13. Proposed Value .............................................................................................................
အဆိုပြုတန်ဖိုး

14. Reason of submission .....................................................................................................
တင်ပြရသည့် ရည်ရွယ်ချက်

15. Disclosure ( Y / N ) ☐ YES ☐ NO (Please Mark)
HS Code ရလဒ်အား ပြည်သူသို့ အသိပေးလိုခြင်း ရှိ / မရှိ (အမှတ်သင်္ကေတပြုပါရန်)

16. If No, Reason of non-disclosure ......................................................................................
အသိပေးလိုခြင်း မရှိပါက အကြောင်းပြချက်
(Not to exceed 180 Days)
(ရက်ပေါင်း ၁၈၀ အတွင်းသာ)

I hereby confirm that the above particulars are true and correct.
အထက်ပါအချက်အလက်များမှာ မှန်ကန်ကြောင်း ခံဝန်ကတိပြုပါသည်။

Signature ..............................................
လက်မှတ်
Rank, Name ..............................................
အဆင့်၊ အမည်
Date ..............................................
ရက်စွဲ

**IV. Payment (ငွေပေးချေမှု)**

Please collect a fee of **Fifty Thousand Kyats (Ks 50,000)** for ARC No. .............................. from applicant.
လျှောက်ထားသူထံမှ ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်အမှတ်.............................. အတွက် ဝန်ဆောင်ခ ၅၀၀၀၀ (ငါးသောင်း) ကျပ် ကောက်ခံပေးနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

______________________
HS Section

**Finance and Inspection Division**

Respectfully transmitted the file to HS Section, applicant having paid **Fifty Thousand Kyats (Ks 50,000)** as evidenced by P.O No./Cash --------------------- dated ------------------
ဝန်ဆောင်ခ ၅၀၀၀၀ (ငါးသောင်း) ကျပ် အား P.O No/Cash. --------------------- dated ------------------ ဖြင့် ကောက်ခံပြီးဖြစ်၍ ဖိုင်အားပြန်လည်ပေးပို့အပ်ပါသည်။

______________________
Cashier

Reference No.: .................... (Official use only) Date: ..................
ရည်ညွှန်းချက်အမှတ် ရုံးသုံးအတွက်သာ ရက်စွဲ

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

We are pleased to reply to you that the Classification of the good you require is HS Code .................... according to BAM Chapter IV and WCO Harmonized System. Thanks for your close cooperation.
မြန်မာ့အကောက်ခွန်ရာဖြတ်လက်စွဲ အခန်း (၄) နှင့် ကမ္ဘာ့အကောက်ခွန်အဖွဲ့ စည်းဝါးညီစနစ်တို့အရ လျှောက်ထားသော ကုန်ပစ္စည်း၏ HS Code မှာ .................................... ဖြစ်ကြောင်း ပြန်ကြားအပ်ပါသည်။ ပူးပေါင်းဆောင်ရွက်မှုအတွက် ကျေးဇူးတင်ပါသည်။

Signature ..................................
လက်မှတ်
Registration No: ..................
မှတ်ပုံတင်အမှတ်
Rank, Name ..................................
အဆင့်၊ အမည်
Date................................
ရက်စွဲ
Official Seal
ရုံးတံဆိပ်
Date ..................................
ရက်စွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၇/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဘဏ္ဍာရေးဌာနခွဲမှ ကိုယ်ပိုင်အမှတ် ဆ/၃၃၄၀၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာ) ဒေါ်ဝင်းချိုချို သည် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် အသက် (၆၀) နှစ်ပြည့်မည်ဖြစ်ပါ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့ (နံနက်ပိုင်း) မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်ပင်စင်ဖြင့် အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁၅/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးရာနှင့် လမ်းအန္တရာယ်ကင်းရှင်းရေးဌာနခွဲမှ ကိုယ်ပိုင်အမှတ် ဆ/၁၂၀၇၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးခင်မောင်အေး အား ၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ လမ်းဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးရာနှင့် လမ်းအန္တရာယ်ကင်းရှင်းရေးဌာနခွဲတွင် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁၈/၂၀၁၉)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဘဏ္ဍာရေးဌာနခွဲမှ ကိုယ်ပိုင်အမှတ် ဆ/၁၆၉၃၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး (ဘဏ္ဍာ) ဦးထင်အောင် အား ၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာ) ရာထူးသို့ ၎င်းဌာနတွင် လစ်လပ်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁၉/၂၀၁၉)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ ငွေစာရင်းဌာနခွဲမှ ကိုယ်ပိုင်အမှတ် ဆ/၂၅၂၇၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) ဦးလှဝင်းထွန်း အား ၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ ၎င်းဌာနတွင် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ဟန်ဇော်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၉**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်)

**လိုင်စင်ကြေး၊ လိုင်စင်အသစ်လဲလှယ်ကြေး၊ လိုင်စင်ဒဏ်ကြေးနှင့်**
**ဝန်ဆောင်ကြေးများ သတ်မှတ်ခြင်း**

၁။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) နှင့်အညီ လိုင်စင်ကြေး၊ လိုင်စင်အသစ်လဲလှယ်ကြေး၊ လိုင်စင်ဒဏ်ကြေးနှင့် ဝန်ဆောင်ကြေးများကို သတ်မှတ်သည့် ဤအမိန့်ကြော်ငြာစာကို မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၃၉၊ ပုဒ်မခွဲ (ခ) အရ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်လိုက်သည်။

၂။ ဟိုတယ်လုပ်ငန်း၊ တည်းခိုရိပ်သာလုပ်ငန်း၊ ခရီးလှည့်လည်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်းများအတွက် လိုင်စင်ကြေး၊ လိုင်စင်အသစ်လဲလှယ်ကြေး၊ လိုင်စင်ဒဏ်ကြေးနှင့် ဝန်ဆောင်ကြေးများမှာ အောက်ပါအတိုင်းဖြစ်သည် -

**(က) ဟိုတယ်လုပ်ငန်း (နိုင်ငံသားပိုင်)**

(၁) လိုင်စင်ကြေး

| | |
|---|---|
| (ကက) အခန်း ၂၀ အထိ | ၄၀၀၀၀၀ ကျပ် |
| (ခခ) အခန်း ၂၁ မှ ၅၀ ခန်း အထိ | ၇၀၀၀၀၀ ကျပ် |
| (ဂဂ) အခန်း ၅၁ မှ ၁၀၀ ခန်း အထိ | ၁၀၅၀၀၀၀ ကျပ် |
| (ဃဃ) အခန်း ၁၀၁ ခန်းနှင့်အထက် | ၁၄၅၀၀၀၀ ကျပ် |

(၂) လိုင်စင်အသစ်လဲလှယ်ကြေး — လိုင်စင်ကြေးနှုန်းအတိုင်း

(၃) ဒဏ်ကြေး

| | |
|---|---|
| (ကက) လိုင်စင်သက်တမ်းရက်လွန် (တစ်ရက်) | ၂၀၀၀ ကျပ် |
| (ခခ) လိုင်စင်ထုတ်ယူရန်ရက်လွန် (တစ်ရက်) | ၂၀၀၀ ကျပ် |

(၄) ဝန်ဆောင်ကြေး

| | |
|---|---|
| (ကက) အခန်းတိုး (သို့မဟုတ်) လျော့ခြင်း | ၁၀၀၀၀၀ ကျပ် |
| (ခခ) ဟိုတယ်အမည်ပြောင်းခြင်း၊ ပိုင်ရှင်အမည်ပြောင်းခြင်း၊ ပိုင်ဆိုင်မှုပြောင်းခြင်း၊ လိုင်စင်ပျက်စီး (သို့မဟုတ်) ပျောက်ဆုံး၍လိုင်စင်ပြန်လည်ထုတ်ပေးရန်လျှောက်ထားခြင်း၊ လုပ်ငန်းအမျိုးအစားပြောင်းခြင်း | လိုင်စင်ကြေး၏ ၅၀ % |

**(ခ) ဟိုတယ်လုပ်ငန်း (နိုင်ငံသားနှင့်နိုင်ငံခြားသားဖက်စပ်၊ နိုင်ငံခြားသားရာနှုန်းပြည့်)**

(၁) လိုင်စင်ကြေး

| | |
|---|---|
| (ကက) အခန်း ၅၀ အထိ | USD ၄၀၀၀ နှင့်ညီမျှသော မြန်မာကျပ် |

| | |
|---|---|
| (ခခ) အခန်း ၅၁ မှ ၁၀၀ ခန်းအထိ | USD ၅၀၀၀ နှင့်ညီမျှသော မြန်မာကျပ် |
| (ဂဂ) အခန်း ၁၀၁ ခန်းနှင့်အထက် | USD ၇၀၀၀ နှင့်ညီမျှသော မြန်မာကျပ် |
| (၂) လိုင်စင်အသစ်လဲလှယ်ကြေး | လိုင်စင်ကြေးနှုန်းအတိုင်း |
| (၃) ဒဏ်ကြေး | |
| (ကက) လိုင်စင်သက်တမ်းရက်လွန် (တစ်ရက်) | USD ၂၀ နှင့်ညီမျှသော မြန်မာကျပ် |
| (ခခ) လိုင်စင်ထုတ်ယူရန်ရက်လွန် (တစ်ရက်) | USD ၂၀ နှင့်ညီမျှသော မြန်မာကျပ် |
| (၄) ဝန်ဆောင်ကြေး | |
| (ကက) အခန်းတိုး (သို့မဟုတ်) လျှော့ခြင်း | USD ၁၅၀၀ နှင့်ညီမျှသော မြန်မာကျပ် |
| (ခခ) ဟိုတယ်အမည်ပြောင်းခြင်း၊ ပိုင်ရှင်အမည်ပြောင်းခြင်း၊ ပိုင်ဆိုင်မှုပြောင်းခြင်း၊ လိုင်စင်ပျက်စီး (သို့မဟုတ်) ပျောက်ဆုံး၍ လိုင်စင်ပြန်လည်ထုတ်ပေးရန် လျှောက်ထားခြင်း၊ လုပ်ငန်းအမျိုးအစားပြောင်းခြင်း | USD ၁၅၀၀ နှင့်ညီမျှသော မြန်မာကျပ် |

**(ဂ) တည်းခိုရိပ်သာလုပ်ငန်း**

| | |
|---|---|
| (၁) လိုင်စင်ကြေး | |
| (ကက) အခန်း ၂၀ အထိ | ၁၅၀၀၀၀ ကျပ် |
| (ခခ) အခန်း ၂၁ မှ ၅၀ ခန်း အထိ | ၂၀၀၀၀၀ ကျပ် |
| (ဂဂ) အခန်း ၅၁ ခန်းနှင့်အထက် | ၂၅၀၀၀၀ ကျပ် |
| (၂) လိုင်စင်အသစ်လဲလှယ်ကြေး | လိုင်စင်ကြေးနှုန်းအတိုင်း |
| (၃) ဒဏ်ကြေး | |
| (ကက) လိုင်စင်သက်တမ်းရက်လွန် (တစ်ရက်) | ၂၀၀၀ ကျပ် |
| (ခခ) လိုင်စင်ထုတ်ယူရန်ရက်လွန် (တစ်ရက်) | ၂၀၀၀ ကျပ် |
| (၄) ဝန်ဆောင်ကြေး | |
| (ကက) အခန်းတိုး (သို့မဟုတ်) လျှော့ခြင်း | ၁၀၀၀၀၀ ကျပ် |
| (ခခ) တည်းခိုရိပ်သာအမည်ပြောင်းခြင်း၊ ပိုင်ရှင်အမည်ပြောင်းခြင်း၊ ပိုင်ဆိုင်မှုပြောင်းခြင်း၊ လိုင်စင်ပျက်စီး (သို့မဟုတ်) ပျောက်ဆုံး၍ လိုင်စင်ပြန်လည်ထုတ်ပေးရန် လျှောက်ထားခြင်း၊ လုပ်ငန်းအမျိုးအစားပြောင်းခြင်း | လိုင်စင်ကြေး၏ ၅၀ % |

**(ဃ) ခရီးလှည့်လည်ရေးလုပ်ငန်း (ပြည်တွင်း၊ ပြည်ဝင်ခရီးစဉ် သို့မဟုတ် ပြည်ပခရီးစဉ်) (နိုင်ငံသားပိုင်)**

| | |
|---|---|
| (၁) လိုင်စင်ကြေး | ၃၀၀၀၀၀ ကျပ် |
| (၂) ရုံးခွဲလိုင်စင်ကြေး | ၁၅၀၀၀ ကျပ် |
| (၃) လိုင်စင်အသစ်လဲလှယ်ကြေး | လိုင်စင်ကြေးနှုန်းအတိုင်း |
| (၄) ဒဏ်ကြေး | |
| (ကက) လိုင်စင်သက်တမ်းရက်လွန် (တစ်ရက်) | ၁၅၀၀ ကျပ် |
| (ခခ) လိုင်စင်ထုတ်ယူရန်ရက်လွန် (တစ်ရက်) | ၁၅၀၀ ကျပ် |
| (၅) ဝန်ဆောင်ကြေး | |
| (ကက) ကုမ္ပဏီအမည်ပြောင်းခြင်း၊ လိုင်စင်ပျက်စီး (သို့မဟုတ်) ပျောက်ဆုံး၍ လိုင်စင်ပြန်လည်ထုတ်ပေးရန် လျှောက်ထားခြင်း | ၁၅၀၀၀၀ ကျပ် |
| (ခခ) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ကျော်၍ ရုံးခန်းပြောင်းခြင်း၊ ပိုင်ဆိုင်မှုပြောင်းခြင်း | ၇၅၀၀၀ ကျပ် |

**(င) ခရီးလှည့်လည်ရေးလုပ်ငန်း (ပြည်တွင်း၊ ပြည်ဝင်ခရီးစဉ် သို့မဟုတ် ပြည်ပခရီးစဉ်) (နိုင်ငံခြားသားရာနှုန်းပြည့်)**

| | |
|---|---|
| (၁) လိုင်စင်ကြေး | USD ၂၀၀၀ နှင့်ညီမျှသော မြန်မာကျပ် |
| (၂) ရုံးခွဲလိုင်စင်ကြေး | USD ၂၅၀ နှင့်ညီမျှသော မြန်မာကျပ် |
| (၃) လိုင်စင်အသစ်လဲလှယ်ကြေး | လိုင်စင်ကြေးနှုန်းအတိုင်း |
| (၄) ဒဏ်ကြေး | |
| (ကက) လိုင်စင်သက်တမ်းရက်လွန် (တစ်ရက်) | USD ၁၅ နှင့်ညီမျှသော မြန်မာကျပ် |
| (ခခ) လိုင်စင်ထုတ်ယူရန်ရက်လွန် (တစ်ရက်) | USD ၁၅ နှင့်ညီမျှသော မြန်မာကျပ် |
| (၅) ဝန်ဆောင်ကြေး | |
| (ကက) ကုမ္ပဏီအမည်ပြောင်းခြင်း၊ လိုင်စင်ပျက်စီး (သို့မဟုတ်) ပျောက်ဆုံး၍ လိုင်စင်ပြန်လည်ထုတ်ပေးရန် လျှောက်ထားခြင်း | USD ၁၅၀၀ နှင့်ညီမျှသော မြန်မာကျပ် |
| (ခခ) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ကျော်၍ ရုံးခန်းပြောင်းခြင်း၊ ပိုင်ဆိုင်မှုပြောင်းခြင်း | USD ၁၅၀၀ နှင့်ညီမျှသော မြန်မာကျပ် |

**(စ) ခရီးလှည့်လည်ရေးလုပ်ငန်း (ပြည်တွင်း၊ ပြည်ဝင်ခရီးစဉ် သို့မဟုတ် ပြည်ပခရီးစဉ်) (နိုင်ငံသားနှင့် နိုင်ငံခြားသားဖက်စပ်)**

| | |
|---|---|
| (၁) လိုင်စင်ကြေး | USD ၁၈၀၀ နှင့်ညီမျှသော မြန်မာကျပ် |

(၂) ရုံးခွဲလိုင်စင်ကြေး — USD ၂၀၀ နှင့်ညီမျှသော မြန်မာကျပ်

(၃) လိုင်စင်အသစ်လဲလှယ်ကြေး — လိုင်စင်ကြေးနှုန်းအတိုင်း

(၄) ဒဏ်ကြေး

(ကက) လိုင်စင်သက်တမ်းရက်လွန် (တစ်ရက်) — USD ၁၀ နှင့်ညီမျှသော မြန်မာကျပ်

( ခ ခ ) လိုင်စင်ထုတ်ယူရန်ရက်လွန် (တစ်ရက်) — USD ၁၀ နှင့်ညီမျှသော မြန်မာကျပ်

(၅) ဝန်ဆောင်ကြေး

(ကက) ကုမ္ပဏီအမည်ပြောင်းခြင်း၊ လိုင်စင် ပျက်စီး (သို့မဟုတ်) ပျောက်ဆုံး၍ လိုင်စင်ပြန်လည်ထုတ်ပေးရန် လျှောက်ထားခြင်း — USD ၁၀၀၀ နှင့်ညီမျှသော မြန်မာကျပ်

( ခ ခ ) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ကျော်၍ ရုံးခန်း ပြောင်းခြင်း၊ ပိုင်ဆိုင်မှုပြောင်းခြင်း — USD ၁၀၀၀ နှင့်ညီမျှသော မြန်မာကျပ်

**(ဆ) ဧည့်လမ်းညွှန်လုပ်ငန်း**

(၁) လိုင်စင်ကြေး — ၃၅၀၀၀ ကျပ်

(၂) လိုင်စင်အသစ်လဲလှယ်ကြေး — ၃၅၀၀၀ ကျပ်

(၃) ဒဏ်ကြေး

(ကက) လိုင်စင်သက်တမ်းရက်လွန် (တစ်ရက်) — ၅၀၀ ကျပ်

( ခ ခ ) လိုင်စင်ထုတ်ယူရန်ရက်လွန် (တစ်ရက်) — ၅၀၀ ကျပ်

(၄) ဝန်ဆောင်ကြေး

(ကက) လိုင်စင်ပျက်စီး (သို့မဟုတ်) ပျောက်ဆုံး၍လိုင်စင်ပြန်လည် ထုတ်ပေးရန်လျှောက်ထားခြင်း — လိုင်စင်ကြေး၏ ၅၀%

**(ဇ) ဒေသဆိုင်ရာဧည့်လမ်းညွှန်လုပ်ငန်း**

(၁) လိုင်စင်ကြေး — ၂၅၀၀၀ ကျပ်

(၂) လိုင်စင်အသစ်လဲလှယ်ကြေး — ၂၅၀၀၀ ကျပ်

(၃) ဒဏ်ကြေး

(ကက) လိုင်စင်သက်တမ်းရက်လွန် (တစ်ရက်) — ၂၀၀ ကျပ်

( ခ ခ ) လိုင်စင်ထုတ်ယူရန်ရက်လွန် (တစ်ရက်) — ၂၀၀ ကျပ်

(၄) ဝန်ဆောင်ကြေး

(ကက) လိုင်စင်ပျက်စီး (သို့မဟုတ်) ပျောက်ဆုံး၍လိုင်စင်ပြန်လည် ထုတ်ပေးရန်လျှောက်ထားခြင်း — လိုင်စင်ကြေး၏ ၅၀%

၃။ လိုင်စင်ကြေး၊ လိုင်စင်အသစ်လဲလှယ်ကြေး၊ ဒဏ်ကြေးနှင့် ဝန်ဆောင်ကြေးများကို သတ်မှတ်ခဲ့သည့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ၂၀၁၆ ခုနှစ်၊

ဩဂုတ်လ ၁၁ ရက်စွဲပါ စာအမှတ် က ၀၂/၂၀၁၆ (၀၂၉) နှင့် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်စွဲပါ စာအမှတ်၊ က ၀၂/၂၀၁၆ (၀၉၁) တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

အုန်းမောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

အမှတ် ၇၃ ။ ။ အောက်ဖော်ပြပါ မြို့နယ်ဥပဒေအရာရှိ (တာဝန်)/ဒုတိယဦးစီးမှူး/ဒုတိယမြို့နယ်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၄)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) များအား ယင်းတို့၏ အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဥပဒေရုံးအသီးသီးတွင် တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ဦးစီးအရာရှိ (ဥပဒေအရာရှိအဆင့်-၃)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး၊ ရုံး | ရာထူးတိုးမြှင့်ပြောင်းရွှေ့နေရာချထားသည့်ရုံး |
|---|---|---|---|
| ၁။ | ဒေါ်တင်ဇာဦး<br>ဥ/၃၂၇၅ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>မတ္တရာမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၂။ | ဦးလှိုင်ထက်ကျော်<br>ဥ/၃၂၇၉ | ဒုတိယဦးစီးမှူး<br>ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး | ဦးစီးအရာရှိ<br>ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး |
| ၃။ | ဒေါ်အင်ကြင်းလှိုင်<br>ဥ/၃၂၈၆ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ပြည်ကြီးတံခွန်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၄။ | ဒေါ်နီလာအောင်<br>ဥ/၃၂၈၈ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>အောင်မြေသာစံမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၅။ | ဒေါ်သဲအိဖြူ<br>ဥ/၃၂၈၀ | ဒုတိယဦးစီးမှူး<br>မန္တလေးခရိုင်ဥပဒေရုံး | ဦးစီးအရာရှိ<br>မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၆။ | ဒေါ်မေဖြူဖြူလှိုင်<br>ဥ/၃၂၅၄ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>စဉ့်ကိုင်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ရွှေဘိုခရိုင်ဥပဒေရုံး |
| ၇။ | ဒေါ်ချိုချိုမြင့်<br>ဥ/၃၂၈၉ | ဒုတိယဦးစီးမှူး<br>မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး | ဦးစီးအရာရှိ<br>ဥပဒေဘာသာပြန်ဌာနခွဲ<br>ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၈။ | ဦးအောင်ဆန်းဦး<br>ဥ/၃၂၉၅ | ဒုတိယဦးစီးမှူး<br>အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေရေးရာဌာနခွဲ<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဦးစီးအရာရှိ<br>အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေရေးရာဌာနခွဲ<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |

| စဉ် | အမည် | လက်ရှိရာထူး၊ ရုံး | ရာထူးတိုးမြှင့်ပြောင်းရွှေ့နေရာချထားသည့်ရုံး |
|---|---|---|---|
| ၉။ | ဒေါ်ခင်မွန်စံ<br>ဉ/၃၃၈၉ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ပန်းတနော်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၁၀။ | ဒေါ်နှင်းပွင့်ဖြူ<br>ဉ/၃၃၄၇ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ကျိုက်လတ်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ရန်ကုန်အရှေ့ပိုင်းခရိုင်ဥပဒေရုံး |
| ၁၁။ | ဦးကျော်လင်းသူ<br>ဉ/၃၃၁၇ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>လယ်ဝေးမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ပြင်ဦးလွင်ခရိုင်ဥပဒေရုံး |
| ၁၂။ | ဦးရှိန်းဇော်<br>ဉ/၃၃၂၉ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ဘားအံမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>မြဝတီခရိုင်ဥပဒေရုံး |
| ၁၃။ | ဒေါ်အေးမြသီတာ<br>ဉ/၃၃၇၁ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>တပ်ကုန်းမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ရမည်းသင်းခရိုင်ဥပဒေရုံး |
| ၁၄။ | ဦးလွန်ရန်း<br>ဉ/၃၂၉၂ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>မဟာအောင်မြေမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၁၅။ | ဦးသဲကိုထွန်း<br>ဉ/၃၃၀၁ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>မဟာအောင်မြေမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>မန္တလေးခရိုင်ဥပဒေရုံး |
| ၁၆။ | ဒေါ်သဥ္ဇာလှိုင်<br>ဉ/၃၃၁၈ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ပျဉ်းမနားမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ရမည်းသင်းခရိုင်ဥပဒေရုံး |
| ၁၇။ | ဒေါ်စန္ဒီဦး<br>ဉ/၃၃၁၆ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>အောင်မြေသာစံမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>နေပြည်တော် (ဒက္ခိဏ) ခရိုင်ဥပဒေရုံး |
| ၁၈။ | ဒေါ်အေးငြိမ်းငြိမ်းစံ<br>ဉ/၃၁၉၃ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ညောင်ဦးမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ညောင်ဦးခရိုင်ဥပဒေရုံး |
| ၁၉။ | ဦးရဲမင်းထွဋ်<br>ဉ/၃၃၂၂ | မြို့နယ်ဥပဒေအရာရှိ (တာဝန်)<br>(ဥပဒေအရာရှိအဆင့်-၄)<br>မိုင်းကိုင်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ပြင်ဦးလွင်ခရိုင်ဥပဒေရုံး |
| ၂၀။ | ဒေါ်စန်းသူသူအောင်<br>ဉ/၃၃၃၈ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>တိုက်ကြီးမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>လေ့ကျင့်နှင့် သုတေသနဌာနခွဲ<br>စီမံရေးရာဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၂၁။ | ဒေါ်ဖြိုးသဥ္ဇာမင်း<br>ဉ/၃၂၅၈ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>တောင်ဥက္ကလာပမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၂၂။ | ဒေါ်အိဖြူငြိမ်း<br>ဉ/၃၃၅၃ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ပဲခူးမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ရန်ကုန်အရှေ့ပိုင်းခရိုင်ဥပဒေရုံး |
| ၂၃။ | ဒေါ်ချစ်ဖူးငုံ<br>ဉ/၃၃၆၁ | ဒုတိယဦးစီးမှူး<br>ရန်ကုန်အရှေ့ပိုင်းခရိုင်ဥပဒေရုံး<br>(စည်ပင်) | ဦးစီးအရာရှိ<br>ရန်ကုန်အနောက်ပိုင်းခရိုင်ဥပဒေရုံး |
| ၂၄။ | ဒေါ်ဝေမာလင်း<br>ဉ/၃၂၉၈ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ပြည်ကြီးတံခွန်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ကျောက်ဆည်ခရိုင်ဥပဒေရုံး |
| ၂၅။ | ဒေါ်ပြည့်ဖြိုးအိ<br>ဉ/၃၃၉၅ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ပြည်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ပြည်ခရိုင်ဥပဒေရုံး |

| စဉ် | အမည် | လက်ရှိရာထူး၊ ရုံး | ရာထူးတိုးမြှင့်ပြောင်းရွှေ့နေရာချထားသည့်ရုံး |
|---|---|---|---|
| ၂၆။ | ဦးပြည့်ကျော်<br>ဥ/၃၃၈၈ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ခနုဖြူမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၂၇။ | ဦးနိုင်ရဲရင့်<br>ဥ/၃၂၆၁ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ချမ်းအေးသာစံမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>မုံရွာခရိုင်ဥပဒေရုံး |
| ၂၈။ | ဦးပိုင်ဖြိုးထက်<br>ဥ/၃၂၆၇ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ပြည်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>သရက်ခရိုင်ဥပဒေရုံး |
| ၂၉။ | ဒေါ်နန်းထွေးလှိုင်<br>ဥ/၃၂၈၂ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ပေါက်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၃၀။ | ဒေါ်ဆုလွင်လွင်ငြိမ်း<br>ဥ/၃၃၀၉ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>လယ်ဝေးမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ပဲခူးခရိုင်ဥပဒေရုံး |
| ၃၁။ | ဦးထက်ရှိုင်းအောင်<br>ဥ/၃၃၈၁ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>သာပေါင်းမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ရန်ကုန်မြောက်ပိုင်းခရိုင်ဥပဒေရုံး |
| ၃၂။ | ဒေါ်တိုးတိုးလွင်<br>ဥ/၃၃၈၀ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>အင်းစိန်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ရန်ကုန်မြောက်ပိုင်းခရိုင်ဥပဒေရုံး |
| ၃၃။ | ဒေါ်နှင်းယုထွေး<br>ဥ/၃၂၁၈ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ကျောက်တန်းမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ရန်ကုန်အရှေ့ပိုင်းခရိုင်ဥပဒေရုံး |
| ၃၄။ | ဦးတိုးတိုးအောင်<br>ဥ/၃၂၅၉ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>မဟာအောင်မြေမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၃၅။ | ဒေါ်သက်သက်လွင်<br>ဥ/၃၃၆၆ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ဟင်္သာတမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ကရင်ပြည်နယ်ဥပဒေချုပ်ရုံး |
| ၃၆။ | ဒေါ်ချိုမြတ်မင်း<br>ဥ/၃၃၈၆ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>လပွတ္တာမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ပုသိမ်ခရိုင်ဥပဒေရုံး |
| ၃၇။ | ဒေါ်ခိုင်မြတ်နိုးလွင်<br>ဥ/၃၃၆၄ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ရေကြည်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၃၈။ | ဦးထက်မြတ်အောင်<br>ဥ/၃၃၇၉ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>မအူပင်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ရန်ကုန်မြောက်ပိုင်းခရိုင်ဥပဒေရုံး |
| ၃၉။ | ဒေါ်နန်းမိုးသူဇာကျော်<br>ဥ/၃၂၈၁ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ချမ်းအေးသာစံမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၄၀။ | ဒေါ်တွယ်တာဦး<br>ဥ/၃၃၄၅ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>လမ်းမတော်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>တရားမစွဲမှီဥပဒေအကြံဉာဏ်ပေးရေးနှင့် တင်ပြချက်များစိစစ်ရေးဌာနခွဲ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး |

ထွန်းထွန်းဦး၊
ပြည်ထောင်စုရှေ့နေချုပ်၊
ပြည်ထောင်စုရှေ့နေချုပ်ရုံး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့

## ရုံးအမိန့်အမှတ် (၅၂/၂၀၁၉)

ရခိုင်ပြည်နယ်၊ ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၂ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၄ ရက်)

### အတည်ပြုခန့်အပ်တာဝန်ပေးအပ်ခြင်း

ရခိုင်ပြည်နယ်၊ ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံးရှိ အောက်ဖော်ပြပါ ဝန်ထမ်း ၂ ဦးအား ရည်ညွှန်းပါရုံးအမိန့်ဖြင့် ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ အစမ်းခန့် တိုးမြှင့်ခန့်ထားခဲ့ရာ ၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်တွင် ၁ နှစ်ပြည့်ပြီးဖြစ်ပါသဖြင့် ၂၀၁၉ ခုနှစ်၊ မေလ ၂၃ ရက်တွင် ကျင်းပပြုလုပ်သည့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၉) ဆုံးဖြတ်ချက်အပိုဒ် (၄)၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၁၀၆) အရ **"အတည်ပြုခန့်အပ်မိန့် ထုတ်ပေးသွားရန်"** ဟု ဆုံးဖြတ်ထားရှိသဖြင့် ဖော်ပြပါဝန်ထမ်း ၂ ဦးအား ဦးစီးအရာရှိအဖြစ် အတည်ပြုခန့်အပ်လိုက်သည် -

| စဉ် | အမည် | တာဝန်ချထားသည့်ရုံး |
|---|---|---|
| (က) | ဦးကျော်ဇော | ပြည်နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး၊ စစ်တွေမြို့ |
| (ခ) | ဦးအောင်ကျော်ဇံ | မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး၊ စစ်တွေမြို့ |

ညီပု၊
ပြည်နယ်ဝန်ကြီးချုပ်၊
ရခိုင်ပြည်နယ်အစိုးရအဖွဲ့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရန်ကုန်တိုင်းဒေသကြီးအစိုးရ

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၉)

ရန်ကုန်မြို့၊ ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်)

### အရှေ့ပိုင်းခရိုင်စည်ပင်သာယာနယ်မြေအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်ရွေးကောက်ပွဲကို ၂၀၁၉ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ရာ ရွေးချယ်တင်မြှောက်ခံရသူများအပါအဝင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် အရှေ့ပိုင်းခရိုင်စည်ပင်သာယာနယ်မြေအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ (၂၀၁၈ ခုနှစ်) ပုဒ်မ ၁၀။ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င) အရ ဤအမိန့်ထုတ်ပြန်သည့်နေ့မှစ၍ ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

၁။ **တောင်ဥက္ကလာပမြို့နယ်**

| စဉ် | အမည် | တာဝန် |
|---|---|---|
| (က) | ဦးကျော်ဇေယျာဝင်း | ဥက္ကဋ္ဌ |
| (ခ) | ဦးလင်းထက် | အဖွဲ့ဝင် (၁) |
| (ဂ) | ဒေါ်သီရိဇော် | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးတင့်လွင် | အဖွဲ့ဝင် (၃) |
| (င) | ဦးမြင့်ဆွေဦး | အတွင်းရေးမှူး |

**၂။ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်**

| **စဉ်** | **အမည်** | **တာဝန်** |
|---|---|---|
| (က) | ဦးမင်းမင်းလတ် | ဥက္ကဋ္ဌ |
| (ခ) | ဦးထိန်လင်း | အဖွဲ့ဝင် (၁) |
| (ဂ) | ဒေါ်နှင်းဝတ်ရည် | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးကျော်လင်းဦး | အဖွဲ့ဝင် (၃) |
| (င) | ဦးကျော်အောင် | အတွင်းရေးမှူး |

**၃။ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်**

| **စဉ်** | **အမည်** | **တာဝန်** |
|---|---|---|
| (က) | ဦးအာကာအောင် | ဥက္ကဋ္ဌ |
| (ခ) | ဦးဇောကျော်အောင် | အဖွဲ့ဝင် (၁) |
| (ဂ) | ဒေါ်ခင်စန်းဝင်း | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးဇော်လင်းကျော် | အဖွဲ့ဝင် (၃) |
| (င) | ဦးတင်ကိုကိုနိုင် | အတွင်းရေးမှူး |

**၄။ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်**

| **စဉ်** | **အမည်** | **တာဝန်** |
|---|---|---|
| (က) | ဦးအောင်နိုင်ထွန်း | ဥက္ကဋ္ဌ |
| (ခ) | ဦးမျိုးဆွေ | အဖွဲ့ဝင် (၁) |
| (ဂ) | ဦးနေလ (ခ) ထွန်းထွန်းဝင်း | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးအောင်ကျင်ဆန်း | အဖွဲ့ဝင် (၃) |
| (င) | ဦးကျော်မျိုးနိုင် | အတွင်းရေးမှူး |

**၅။ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်**

| **စဉ်** | **အမည်** | **တာဝန်** |
|---|---|---|
| (က) | ဦးကျော်ဝင်း | ဥက္ကဋ္ဌ |
| (ခ) | ဦးကျော်သူအောင် | အဖွဲ့ဝင် (၁) |
| (ဂ) | ဦးဇော်တင် | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးမင်းအောင် | အဖွဲ့ဝင် (၃) |
| (င) | ဦးကျော်သန့်ဇင် | အတွင်းရေးမှူး |

**၆။ မြောက်ဥက္ကလာပမြို့နယ်**

| **စဉ်** | **အမည်** | **တာဝန်** |
|---|---|---|
| (က) | ဦးအောင်ဇေမိုး | ဥက္ကဋ္ဌ |
| (ခ) | ဦးရဲဆင့် | အဖွဲ့ဝင် (၁) |
| (ဂ) | ဒေါ်နုနုလွင် | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးမြသိန်းမောင် | အဖွဲ့ဝင် (၃) |
| (င) | ဦးခင်မောင်လွင် | အတွင်းရေးမှူး |

၇။ **သဃ်န်းကျွန်းမြို့နယ်**

| စဉ် | အမည် | တာဝန် |
|---|---|---|
| (က) | ဦးအေးမင်း | ဥက္ကဋ္ဌ |
| (ခ) | ဦးကြည်ဝင်း | အဖွဲ့ဝင် (၁) |
| (ဂ) | ဦးမင်းသိန်းဦး | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးအောင်စည်သူ | အဖွဲ့ဝင် (၃) |
| (င) | ဦးနိုင်ဝင်း | အတွင်းရေးမှူး |

မောင်မောင်စိုး၊
ဥက္ကဋ္ဌ (မြို့တော်ဝန်)၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရ**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၉)**

ရန်ကုန်မြို့၊ ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်)

**အနောက်ပိုင်းခရိုင် စည်ပင်သာယာနယ်မြေအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်ရွေးကောက်ပွဲကို ၂၀၁၉ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ရာ ရွေးချယ်တင်မြှောက်ခံရသူများအပါအဝင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် အနောက်ပိုင်းခရိုင်စည်ပင်သာယာနယ်မြေအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ (၂၀၁၈ ခုနှစ်) ပုဒ်မ ၁၀။ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င) အရ ဤအမိန့်ထုတ်ပြန်သည့်နေ့မှစ၍ ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

၁။ **ကြည့်မြင်တိုင်မြို့နယ်**

| စဉ် | အမည် | တာဝန် |
|---|---|---|
| (က) | ဦးအောင်ကျော်စိုး | ဥက္ကဋ္ဌ |
| (ခ) | ဦးထွန်းညွန့် | အဖွဲ့ဝင် (၁) |
| (ဂ) | ဦးလှမျိုးထွန်း (ခ) ဖြူလေး | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးဝေလင်းထွန်း | အဖွဲ့ဝင် (၃) |
| (င) | ဦးကျော်စိုးမိုး | ခေတ္တအတွင်းရေးမှူး |

၂။ **ကျောက်တံတားမြို့နယ်**

| စဉ် | အမည် | တာဝန် |
|---|---|---|
| (က) | ဦးကျော်စွာဝင်း | ဥက္ကဋ္ဌ |
| (ခ) | ဦးဟန်စိုးမင်း | အဖွဲ့ဝင် (၁) |
| (ဂ) | ဦးကိုကိုနိုင် | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးမျိုးမြင့် | အဖွဲ့ဝင် (၃) |
| (င) | ဦးသိန်းလွင် | အတွင်းရေးမှူး |

၃။ **စမ်းချောင်းမြို့နယ်**

| **စဉ်** | **အမည်** | **တာဝန်** |
|---|---|---|
| (က) | ဦးပုည | ဥက္ကဋ္ဌ |
| (ခ) | ဦးညီညီမြင့်မြတ် | အဖွဲ့ဝင် (၁) |
| (ဂ) | ဒေါ်တိုးတိုးခိုင် | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးမြင့်ဇော်ဌေး | အဖွဲ့ဝင် (၃) |
| (င) | ဦးအောင်မြင့်မိုး | အတွင်းရေးမှူး |

၄။ **ဆိပ်ကမ်းမြို့နယ်**

| **စဉ်** | **အမည်** | **တာဝန်** |
|---|---|---|
| (က) | ဦးလှသန်း | ဥက္ကဋ္ဌ |
| (ခ) | ဦးစိုးနိုင် | အဖွဲ့ဝင် (၁) |
| (ဂ) | ဒေါ်ရီရီခိုင် | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးနိုင်ဝင်း | အဖွဲ့ဝင် (၃) |
| (င) | ဦးခင်မောင်ကြီး | အတွင်းရေးမှူး |

၅။ **ဒဂုံမြို့နယ်**

| **စဉ်** | **အမည်** | **တာဝန်** |
|---|---|---|
| (က) | ဦးသိန်းဦး | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်မေမြင့်သူ | အဖွဲ့ဝင် (၁) |
| (ဂ) | ဒေါ်ရတနာနွယ်ဦး | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးအောင်ကိုကို | အဖွဲ့ဝင် (၃) |
| (င) | ဦးလှိုင်မျိုး | ခေတ္တအတွင်းရေးမှူး |

၆။ **ပန်းဘဲတန်းမြို့နယ်**

| **စဉ်** | **အမည်** | **တာဝန်** |
|---|---|---|
| (က) | ဦးဇော်ဝင်းထူး | ဥက္ကဋ္ဌ |
| (ခ) | ဦးစိုးနိုင်ထွန်း | အဖွဲ့ဝင် (၁) |
| (ဂ) | ဒေါ်စိုးစိုးရွှေ | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးမြင့်ဇော် | အဖွဲ့ဝင် (၃) |
| (င) | ဦးလင်းဇော်စိုး | အတွင်းရေးမှူး |

၇။ **ဗဟန်းမြို့နယ်**

| **စဉ်** | **အမည်** | **တာဝန်** |
|---|---|---|
| (က) | ဦးဝင်းဗိုလ် | ဥက္ကဋ္ဌ |
| (ခ) | ဦးမြင့်သန်း | အဖွဲ့ဝင် (၁) |
| (ဂ) | ဦးကျော်ဆန်းဦး | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးသီဟထွန်း | အဖွဲ့ဝင် (၃) |
| (င) | ဦးသိန်းဇော် | အတွင်းရေးမှူး |

**၈။ လသာမြို့နယ်**

| စဉ် | အမည် | တာဝန် |
|---|---|---|
| (က) | ဦးကျော်စိုးအောင် | ဥက္ကဋ္ဌ |
| (ခ) | ဦးသောင်းတိုး | အဖွဲ့ဝင် (၁) |
| (ဂ) | ဒေါ်ချိုချိုဝင်း | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးအောင်ထွေးချစ် | အဖွဲ့ဝင် (၃) |
| (င) | ဦးခင်မောင်ကြီး | အတွင်းရေးမှူး |

**၉။ လမ်းမတော်မြို့နယ်**

| စဉ် | အမည် | တာဝန် |
|---|---|---|
| (က) | ဦးဝင်းမြင့် | ဥက္ကဋ္ဌ |
| (ခ) | ဦးစိုးမင်းသူ | အဖွဲ့ဝင် (၁) |
| (ဂ) | ဦးနေလင်းထွန်း | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးမိုးထွန်းဝင်း | အဖွဲ့ဝင် (၃) |
| (င) | ဦးကျော်အေး | အတွင်းရေးမှူး |

**၁၀။ အလုံမြို့နယ်**

| စဉ် | အမည် | တာဝန် |
|---|---|---|
| (က) | ဦးစန်းလွင် | ဥက္ကဋ္ဌ |
| (ခ) | ဦးပြည့်ဖြိုးအောင် | အဖွဲ့ဝင် (၁) |
| (ဂ) | ဒေါ်မြတ်စိုးထိုက် | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးသီဟစိုး | အဖွဲ့ဝင် (၃) |
| (င) | ဦးမောင်မောင်ထွန်း | အတွင်းရေးမှူး |

မောင်မောင်စိုး၊
ဥက္ကဋ္ဌ (မြို့တော်ဝန်)၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## စည်ပင်သာယာရေးဝန်ကြီးဌာန

မန္တလေးမြို့၊ ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၃ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၇ ရက်)

အမှတ် ၇ ။ ။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ အခန်း (၁၀)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) အရ ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ပုဂ္ဂလိက အဆောက်အအုံနှင့် မြေများအပေါ်တွင် (၁) နှစ် စံငှားရမ်းခတန်ဖိုး၏ (၅ ရာခိုင်နှုန်း) နှုန်းဖြင့် အဆောက်အအုံနှင့် မြေခွန်ကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့မှစ၍ စည်းကြပ်ကောက်ခံရန် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေး အဖွဲ့များဥပဒေပုဒ်မ ၁၂၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပြန်ကြေညာလိုက်သည်။

မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ အခန်း (၁၀)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) အရ ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ လျှပ်စစ်မီးထွန်းညှိပေးထားသည့် လမ်းမီးတိုင်တစ်ခုခုမှ မျဉ်းဖြောင့်ကိုက် (၁၀၀) အတွင်းတည်ရှိသော အဆောက်အအုံနှင့် မြေများအားလုံးပေါ်တွင် (၁) နှစ် ငှားရမ်းခတန်ဖိုး၏ (၅ ရာခိုင်နှုန်း) နှုန်းဖြင့် လမ်းမီးခွန်ကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့မှစ၍ စည်းကြပ်ကောက်ခံရန် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၁၂၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပြန်ကြေညာလိုက်သည်။

ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ပြန်ထားသော ပစ္စည်းခွန်နှင့် စပ်လျဉ်းသည့် ယခင် အမိန့်ကြော်ငြာစာများကို ပယ်ဖျက်လိုက်သည်။

ဒေါက်တာရဲလွင်၊
ဝန်ကြီး၊
မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန။

# တနင်္သာရီတိုင်းဒေသကြီးအသေးစားငွေချေးလုပ်ငန်းဥပဒေ
# (၂၀၁၉ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၄၈။)

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **တနင်္သာရီတိုင်းဒေသကြီးအသေးစားငွေချေးလုပ်ငန်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးကို ဆိုသည်။

(င) **ဘဏ်**ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရတည်ထောင်သောဘဏ်ကို ဆိုသည်။

(စ) **အတိုး**ဆိုသည်မှာ ထုတ်ချေးထားသောငွေပေါ်တွင် အဖိုးစားနားအဖြစ် ပေးရသောငွေကို ဆိုသည်။

(ဆ) **အသေးစားငွေချေးလုပ်ငန်း**ဆိုသည်မှာ အခြေခံလူတန်းစားများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်နှင့် လူမှုစီးပွားဘဝတိုးတက်မြင့်မားရန် အာမခံပစ္စည်းပေးရန်မလိုဘဲ အတိုးဖြင့် ထုတ်ချေးသည့် လုပ်ငန်းကို ဆိုသည်။

(ဇ) **ချေးငွေ**ဆိုသည်မှာ အတိုးဖြင့် ထုတ်ချေးသော အသေးစားချေးငွေကို ဆိုသည်။

(ဈ) **ငွေချေးသူ**ဆိုသည်မှာ ဤဥပဒေအရ ငွေချေးခြင်းလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိထားသူကို ဆိုသည်။

(ည) **ငွေချေးယူသူ**ဆိုသည်မှာ ငွေကြေးတစ်ရပ်ရပ်ကို ငွေချေးသူထံမှ သတ်မှတ်ထားသောအတိုးနှုန်းဖြင့် စည်းကမ်းချက်များနှင့်အညီ ချေးယူသူကို ဆိုသည်။

(ဋ) **ငွေရင်း**ဆိုသည်မှာ ချေးယူသူအား ထုတ်ချေးလိုက်သည့်ငွေကို ဆိုသည်။

(ဌ) **ဦးစီးဌာန**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနကို ဆိုသည်။

(ဍ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ ဦးစီးဌာနက တာဝန်ပေးအပ်ထားသည့်အရာရှိကို ဆိုသည်။

(ဎ) **အာမခံမရှိသောချေးငွေ**ဆိုသည်မှာ အာမခံရှိသော ချေးငွေမှတစ်ပါး အခြားမည်သည့်ချေးငွေကို ဆိုသည်။

(ဏ) **ကြီးကြပ်ရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တနင်္သာရီတိုင်းဒေသကြီး အသေးစား ငွေချေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

(တ) **လိုင်စင်**ဆိုသည်မှာ ဤဥပဒေအရ ငွေချေးခြင်းလုပ်ငန်းလုပ်ကိုင်ရန် ကြီးကြပ်ရေးအဖွဲ့က ထုတ်ပေးသော ခွင့်ပြုချက်ကို ဆိုသည်။

(ထ) **မှတ်ပုံတင်စာရင်း**ဆိုသည်မှာ ဤဥပဒေအရငွေချေးသူများ၏ လုပ်ငန်းဆိုင်ရာအချက်အလက်များ ရေးသားမှတ်တမ်းတင်ထားသည့် စာရင်းကို ဆိုသည်။

(ဒ) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်အရာရှိက အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ရန် လိုင်စင်ရရှိသူအား ထုတ်ပေးသော ခွင့်ပြုချက်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အတိုးကြီးယူသော ငွေချေးသူများ၏ အန္တရာယ်မှပြည်သူများကို ကာကွယ်ရန်၊

(ခ) တရားဝင်ငွေကြေးဝန်ဆောင်မှုကဏ္ဍ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဂ) သင့်တင့်သောအတိုးနှုန်းရှိသည့် ချေးငွေများဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန်၊

(ဃ) အသေးစားငွေချေးလုပ်ငန်းကို ဥပဒေနှင့်အညီ စီမံခန့်ခွဲကြီးကြပ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရသင့်ရထိုက်သည့်အခွန်များ ရရှိစေရန်။

## အခန်း (၃)
## ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည် -

| | |
|---|---|
| (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဂ) တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဃ) တိုင်းဒေသကြီးငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (င) တိုင်းဒေသကြီးမြန်မာ့စီးပွားရေးဘဏ်မှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (စ) တိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဆ) တိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အတွင်းရေးမှူး |

## အခန်း (၄)
## ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ

၅။ ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငွေချေးသူများနှင့်ငွေချေးယူသူများ လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ခ) လိုင်စင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ စိစစ်ခွင့်ပြုခြင်း၊

(ဂ) လိုင်စင်လျှောက်ထားသူကတင်ပြရန် သတ်မှတ်ထားသည့် အထောက်အထားများကို စိစစ်ခြင်း၊

(ဃ) လိုင်စင်ကြေးသတ်မှတ်ခြင်း၊

(င) ချေးငွေပေါ်တွင် ခွင့်ပြုသည့် အတိုးနှုန်းသတ်မှတ်ခြင်း၊

(စ) မှတ်ပုံတင်လျှောက်လွှာပုံစံနှင့် ထိုလျှောက်လွှာတွင်ပါရှိသည့် အကြောင်းအရာများ သတ်မှတ်ခြင်း၊

(ဆ) စည်းကမ်းလိုက်နာမှုမရှိသော ငွေချေးသူများကို စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များချမှတ်ခြင်း၊

(ဇ) ငွေချေးသူများကို အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးခြင်း၊

(ဈ) မှတ်ပုံတင်သူ၏ အမည်ပြောင်းလဲခွင့်ပြုခြင်းနှင့်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း။

## အခန်း (၅)
## လိုင်စင်ထုတ်ပေးခြင်း

၆။ ကြီးကြပ်ရေးအဖွဲ့သည် လိုင်စင်လျှောက်ထားခွင့်ရရှိသူက လျှောက်ထားလာသည့်အခါ ပုဒ်မ ၇ ပါ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှန်ကန်ပါက လိုင်စင်ကို ထုတ်ပေးရမည်။

## အခန်း (၆)
## လိုင်စင်လျှောက်ထားသူအရည်အချင်းများ

၇။ ကြီးကြပ်ရေးအဖွဲ့သည် ငွေချေးသူများ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်လျှောက်ထားသူများအား အောက်ပါအရည်အချင်းများနှင့်အညီ စိစစ်ရမည် -

(က) လိုင်စင်လျှောက်လွှာပုံစံပါ အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖော်ပြထားခြင်းရှိရမည်။

(ခ) မြန်မာနိုင်ငံသားဖြစ်ရမည်။

(ဂ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(ဃ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကြီးကြပ်ရေးအဖွဲ့မှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာသူဖြစ်ရမည်။

## အခန်း (၇)
## မှတ်ပုံတင်ခြင်း

၈။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် ငွေချေးသူများအတွက် မှတ်ပုံတင်စာရင်း တစ်ခုထားရှိရမည်။

၉။ လိုင်စင်ရရှိသည့် ငွေချေးသူသည် မှတ်ပုံတင်လက်မှတ်ရရှိရန် မှတ်ပုံတင်အရာရှိထံ သတ်မှတ်ချက်ပုံစံများနှင့်အညီ လျှောက်ထားရမည်။

၁၀။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငွေချေးခြင်းလုပ်ငန်းလုပ်ကိုင်လိုသူက လိုင်စင်ရရှိပြီး မှတ်ပုံတင်ခွင့်လျှောက်ထားလာသည့်အခါ ကြီးကြပ်ရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် စိစစ်၍ သတ်မှတ်ထားသည့် လိုင်စင်ကြေးကို (၁၅) ရက်အတွင်း ပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

(ခ) လိုင်စင်ကြေးများကို ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းရမည်။

၁၁။ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) အရ မှတ်ပုံတင်လက်မှတ်၏သက်တမ်းသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်ရက်အထိဖြစ်သည်။ သက်တမ်းတိုးလိုပါက သက်တမ်းမကုန်ဆုံးမီ တစ်လကြိုတင်၍ လျှောက်ထားရမည်။

၁၂။ မှတ်ပုံတင်အရာရှိသည် -

(က) သက်တမ်းကုန်ဆုံးသည့် မှတ်ပုံတင်လက်မှတ်များကို သက်တမ်းကုန်ဆုံးပြီးနောက် တစ်လအတွင်း သက်တမ်းတိုးခြင်းမရှိလျှင် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်။

(ခ) ကြီးကြပ်ရေးအဖွဲ့မှ ပယ်ဖျက်ရန်ညွှန်ကြားသည့် မှတ်ပုံတင်လက်မှတ်ကို ချက်ချင်းသိမ်းယူ၍ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်။

## အခန်း (၈)

## ငွေချေးသူနှင့် ငွေချေးယူသူတို့၏ လုပ်ငန်းတာဝန်များ

၁၃။ (က) ငွေချေးသူသည် -

(၁) ငွေချေးယူသူ အသီးသီးအတွက် အောက်ပါအကြောင်းအရာများ ဖော်ပြသောစာရင်းကို နည်းလမ်းတကျ ရေးမှတ်ထားရှိရမည် -

(ကက) ချေးငွေထုတ်ပေးသည့် နေ့ရက်နှင့် စည်းကမ်းချက်များ၊ ထုတ်ပေးသည့်ငွေပေါင်း၊ သတ်မှတ်သည့်အတိုးနှုန်း၊

(ခခ) ချေးငွေနှင့်စပ်လျဉ်း၍ ငွေချေးသူရရှိသည့်ငွေအသီးသီးနှင့် ထိုငွေအသီးသီးကို ပေးဆပ်သည့် နေ့ရက်။

(၂) ငွေချေးယူသူထံငွေပေးလျှင် ငွေချေးယူသူက ငွေရကြောင်းလက်မှတ်ကို နည်းလမ်းတကျ လက်မှတ်ရေးထိုး၍ ငွေချေးသူ သို့မဟုတ် ယင်း၏ကိုယ်စားလှယ်အားလည်းကောင်း၊ ငွေချေးယူသူထံမှ ပြန်ဆပ်ငွေကိုရလျှင် ငွေချေးသူက သို့မဟုတ် ယင်း၏ကိုယ်စားလှယ်က ငွေရကြောင်းလက်မှတ်ကို နည်းလမ်းတကျ လက်မှတ်ရေးထိုး၍ ငွေချေးယူသူ သို့မဟုတ် ယင်း၏ကိုယ်စားလှယ်အားလည်းကောင်း ထုတ်ပေးရမည်။

(၃) ပုဒ်မခွဲငယ် (၁)၊ ပုဒ်မခွဲငယ်စိပ် (ကက) အရ ရေးမှတ်ထားသည့် ရေးသွင်းချက်များပါ ချေးငွေစာချုပ်၏ မိတ္တူမှန်တစ်စောင်ကို ချေးငွေထုတ်ပေးသည့်နေ့ရက်တွင် ငွေချေးယူသူအား သို့မဟုတ် ယင်း၏ကိုယ်စားလှယ်အား ပေးရမည်။

(၄) ငွေချေးသူက သို့မဟုတ် ထိုသူ၏ ကိုယ်စားလှယ်က လက်မှတ်ရေးထိုးသည့် ငွေစာရင်းရှင်းတမ်း တစ်ခုကို ငွေပြန်ဆပ်သည့်အချိန်တွင် ငွေချေးယူသူ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်အား ပေးရမည်။ ထို့ပြင် ထိုရှင်းတမ်းကို ရေးသားသည့်နေ့ရက်ထိ အရင်းနှင့်အတိုးအတွက် ထိုငွေချေးယူသူက ပေးဆပ်ရန်ကျန်ရှိနေသော ငွေပမာဏကိုလည်းကောင်း၊ ထိုရှင်းတမ်းနှင့် သက်ဆိုင်သည့် အချိန်ကာလအတွင်း ယင်းချေးငွေနှင့်စပ်လျဉ်း၍ ငွေချေးသူပြန်လည်ရရှိသည့် ငွေအသီးသီးနှင့် ထိုငွေအသီးသီးပေးဆပ်သည့် နေ့ရက်ကိုလည်းကောင်း ထိုရှင်းတမ်း၌ ဖော်ပြရမည်။

(၅) ချေးငွေကို အပြေအကျေ ပေးဆပ်ပြီးလျှင်ပြီးချင်း ထိုချေးငွေကိုပြန်၍ ပေးဆပ်မှုအတွက် ရယူထားသော စာချုပ်စာတမ်းအသီးသီးကို ငွေချေးယူသူအား ပြန်ပေးရမည်။

(၆) အထက်အပိုဒ်ခွဲငယ်များအရ ပေးအပ်သောငွေစာရင်းတွင် ရေးသွင်းချက်များ၏ မိတ္တူမှန် သို့မဟုတ် ငွေစာရင်းရှင်းတမ်းမိတ္တူကို ငွေချေးယူသူအား ပေးရသည့်အတွက် အခကြေးငွေ မတောင်းရ။

(ခ) ငွေချေးယူသူသည် -

(၁) ချေးငွေစာချုပ်ပါ မူလသဘောတူညီချက်များအတိုင်း သတ်မှတ်ကာလစေ့ရောက်လျှင် သတ်မှတ်ထားသော ငွေရင်းနှင့်အတိုး ပြည့်စုံစွာ ပြန်လည်ပေးဆပ်ရမည်။

(၂) ပြန်လည်ပေးဆပ်ပြီးကြောင်း၊ ငွေရကြောင်းလက်မှတ်ရေးထိုးခြင်းကို စနစ်တကျ ဆောင်ရွက်ရမည်။

(၃) အပြေအကျေ ပေးဆပ်ပြီးလျှင်ပြီးချင်း မူလချုပ်ဆိုထားသော စာချုပ်စာတမ်းအသီးသီးကို ငွေချေးသူထံမှ ပြန်လည်တောင်းခံရယူထားရမည်။

၁၄။ ငွေချေးသူသည် ငွေချေးသည့်လုပ်ငန်းနှင့်စပ်လျဉ်းသည့် စာရင်းများကို အစစ်ဆေးခံရန် ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ရရှိသူကိုသာ တင်ပြရမည်။

## အခန်း (၉)
## စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း

၁၅။ ကြီးကြပ်ရေးအဖွဲ့သည် ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် ငွေချေးသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) လုပ်ငန်းဆောင်ရွက်ချက်များကို ကန့်သတ်ချက်များပါဝင်သည့် အမိန့်များချမှတ်ခြင်း၊

(ဂ) ဒဏ်ကြေးပေးဆောင်စေခြင်း၊

(ဃ) လုပ်ငန်းကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(င) လိုင်စင်ပယ်ဖျက်ခြင်း။

၁၆။ ကြီးကြပ်ရေးအဖွဲ့သည် ဤဥပဒေစတင်အာဏာတည်ပြီးနောက် ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၇ တို့အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့် ငွေချေးသူ၏ လိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်တို့ကို ပယ်ဖျက်နိုင်သည်။

၁၇။ ကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၆ တို့အရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်မချမှတ်မီ ငွေချေးသူအား ခုခံချေပခွင့်ပေးရမည်။

၁၈။ ငွေချေးသူသည် ကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်။

၁၉။ အစိုးရအဖွဲ့သည် အယူခံဝင်ခြင်းနှင့်စပ်လျဉ်း၍ ကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ၊ အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ပြန်လည်စိစစ်စေရန် သို့မဟုတ် စစ်ဆေးရန်ညွှန်ကြားခြင်း ပြုနိုင်သည်။

၂၀။ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

## အခန်း (၁၀)
## တားမြစ်ချက်များ

၂၁။ မည်သူမျှ လိုင်စင်မရှိဘဲ ငွေချေးသည့်လုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

၂၂။ မည်သူမျှ လိုင်စင်ရရှိရန် ကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားတင်ပြရာတွင် အချက်အလက်တစ်ခုခုကို လိမ်လည်ဖော်ပြလျှောက်ထားခြင်း မပြုရ။

၂၃။ မည်သူမျှ မှတ်ပုံတင်အရာရှိမှ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိဘဲ ငွေချေးလုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။

၂၄။ ငွေချေးသူသည် တည်ဆဲဥပဒေတစ်ရပ်ရပ် သို့မဟုတ် ပဋိညာဉ်တွင် ဆန့်ကျင်ကွဲလွဲသည့်အချက် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေ စတင်အာဏာတည်ပြီးနောက် ထုတ်ချေးသည့်ငွေများအတွက် နှစ်ထပ်အတိုး မယူရ။

၂၅။ ငွေချေးသူသည် ငွေချေးရာတွင် ဖြည့်သွင်းရေးသားရန် ကွက်လပ်တစ်ခုခုချန်၍ စာချုပ်စာတမ်းများကို ငွေချေးယူသူ သို့မဟုတ် ငွေချေးယူသူဖြစ်ရန် ကြံရွယ်သူထံမှ ယူမထားရ။

## အခန်း (၁၁)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၆။ မည်သူမဆို ပုဒ်မ ၂၁၊ ၂၂၊ ၂၃ တို့ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၇။ ငွေချေးသူသည် ပုဒ်မ ၂၄၊ ၂၅ တို့ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

## အခန်း (၁၂)
## အထွေထွေ

၂၈။ ဤဥပဒေပါ ပြစ်မှုပုဒ်မ ၂၁၊ ၂၂၊ ၂၃၊ ၂၄ နှင့် ၂၅ တို့ကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၉။ ငွေချေးသူသည် ငွေချေးယူသူက ချေးငွေပြန်လည်ပေးဆပ်ခြင်းမပြုပါက ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်နှင့်ဖြစ်စေ တရားမကြောင်းအရ တရားစွဲဆိုပိုင်ခွင့်ရှိသည်။ ထိုပုဂ္ဂိုလ်များမှအပ အခြားမည်သူကမျှ တရားစွဲဆိုနိုင်ခြင်း မရှိစေရ။

၃၀။ ငွေချေးသူနှင့် ငွေချေးယူသူတို့သည် တရားရုံးတွင် ပြစ်မှုနှင့်စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက်ကျေနပ်မှုရှိပါက မည်သည့်အဆင့်တွင်မဆို ကျေအေးခွင့်ရှိစေရမည်။

၃၁။ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက်လိုင်စင်မရှိသူနှင့် အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေအရ ထုတ်ပေးသောလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်မရှိသူသည် ငွေချေးသည့် လုပ်ငန်းကို လုပ်ကိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် လိုင်စင်ရှိရမည်။

၃၂။ ပုဒ်မ ၂၆ နှင့် ၂၇ တို့အရ တရားစွဲဆိုရာတွင် ကြီးကြပ်ရေးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၃၃။ ငွေချေးခြင်းလုပ်ငန်းအား စစ်ဆေးရန် လိုအပ်သည့်အခြေအနေတွင် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ထိုအဖွဲ့မှ တာဝန်ပေးအပ်ခြင်းခံရသူသည် ငွေချေးသူ၏ ငွေချေးခြင်းနှင့် သက်ဆိုင်သည့်ငွေစာရင်းနှင့် လုပ်ငန်းများကို စစ်ဆေးနိုင်သည်။

၃၄။ The Money Lenders Act, 1945 အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကြီးကြပ်ရေးအဖွဲ့တို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဒေါက်တာလဲ့လဲ့မော်
ဝန်ကြီးချုပ်
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

# ကယားပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေ

## (၂၀၁၉ ခုနှစ်၊ ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁၃။)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်)

ကယားပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ကယားပြည်နယ်အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ **ကယားပြည်နယ်** ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ **ကယားပြည်နယ်အစိုးရအဖွဲ့** ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ **ကယားပြည်နယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** ကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ **ကယားပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး** ကို ဆိုသည်။

(င) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော **အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကော်မတီ** ကို ဆိုသည်။

(စ) **ဦးစီးဌာန**ဆိုသည်မှာ **ကယားပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန** ကို ဆိုသည်။

(ဆ) **ပြည်နယ်ဦးစီးမှူး**ဆိုသည်မှာ **ကယားပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး** ကို ဆိုသည်။

(ဇ) **အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း**ဆိုသည်မှာ မိသားစုဝင်များဖြင့်သော်လည်းကောင်း၊ အလုပ်သမားငှားရမ်းအသုံးပြု၍သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ကုန်ပစ္စည်းထုတ်လုပ်သည့် သို့မဟုတ် ပြုပြင်မွမ်းမံသည့် **လျှပ်စစ်မော်တာ မြင်းကောင်ရေ ၅ ကောင်အားနှင့် အောက်** အသုံးပြုသည့် အလုပ်သမား (၉) ဦးထက်မပိုသော **စက်မှုလုပ်ငန်း**နှင့် အလုပ်သမား (၃) ဦးနှင့်အထက်ရှိသော လက်မှုလုပ်ငန်းများကို ဆိုသည်။

(ဈ) **လုပ်ငန်းရှင်**ဆိုသည်မှာ ဤဥပဒေအရ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်ရန် မှတ်ပုံတင်ခွင့်ရရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် အမွေစားအမွေခံ၊ တရားဝင်ကိုယ်စားလှယ်နှင့် တရားဝင်ဆက်ခံသည့် အဖွဲ့အစည်းတို့လည်း ပါဝင်သည်။

(ည) **အား**ဆိုသည်မှာ လူနှင့်တိရစ္ဆာန်တို့၏ ကာယအားဖြင့် ဖြစ်ပေါ်စေသောအားမှအပ လျှပ်စစ်ဓာတ်အား၊ စက်ကိရိယာဖြင့် ဖြစ်ပေါ်စေသောအား သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဖြစ်ပေါ်စေသောအားကို ဆိုသည်။

(ဋ) **မှတ်ပုံတင်**ဆိုသည်မှာ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် မှတ်ပုံတင်ကို ဆိုသည်။

## အခန်း (၂)

## အခြေခံမူများ

၃။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို အောက်ပါအခြေခံမူများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည် -

(က) ပြည်တွင်းထွက်နှင့် ပြည်ပမှတင်သွင်းသော သယံဇာတပစ္စည်းများကို အဓိကကုန်ကြမ်းအဖြစ် အသုံးပြု၍ စက်မှုလက်မှုကုန်ချောများ ထုတ်လုပ်ရန်၊

(ခ) နိုင်ငံ၏စီးပွားရေးအခြေခံအင်အားတစ်ရပ်ဖြစ်သည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးစေရန်၊ ပုဂ္ဂလိကစက်မှုလက်မှုကဏ္ဍ ပိုမိုတိုးတက်စေရန်နှင့် တစ်မျိုးသားလုံးအသားတင်ထုတ်လုပ်မှုတန်ဖိုးတွင် စက်မှုလက်မှုကဏ္ဍပါဝင်မှုအချိုးအစား မြှင့်တင်နိုင်ရန်၊

(ဂ) **တိုင်းရင်းသားများ၏ရိုးရာ** လက်မှုအနုပညာများ တိမ်ကောပပျောက်မှုမရှိစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဃ) အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်ပေါ်ထွန်းလာစေရန်၊ မိသားစုဝင်ငွေများ တိုးပွားရရှိစေရန်နှင့် အထောက်အကူပြုနည်းပညာလွှဲပြောင်းသင်တန်းများ ဖွင့်လှစ်ရန်၊

(င) ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး စံချိန်စံညွှန်းမီသည့် ကုန်ပစ္စည်းများကို ထုတ်လုပ်တတ်မြောက်စေရန်နှင့် စားသုံးသူများ ဝယ်ယူရရှိစေရန်၊

(စ) စွမ်းဆောင်ရည်မြင့်မားစေသော ခေတ်မီနည်းပညာများ အသုံးပြု၍ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဆ) ပြည်တွင်းသာမက ပြည်ပဈေးကွက်များအတွက်လည်း စံချိန်စံညွှန်းမီပစ္စည်းများ ထုတ်လုပ်ရောင်းချရန်နှင့် ပြည်တွင်းပြည်ပဈေးကွက်ရရှိရေး ဖော်ဆောင်နိုင်ရန်၊

(ဇ) သမဝါယမအသင်းများ ဖွဲ့စည်းရေးအတွက် အထောက်အကူဖြစ်စေရန်၊

(ဈ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလုပ်ငန်းများ ဖြစ်ပေါ်လာစေရန်၊

(ည) ပတ်ဝန်းကျင်ကို ပျက်စီးစေမည့်လုပ်ငန်းများ မပေါ်ပေါက်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်နိုင်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်နိုင်ရန်၊

(ဋ) စက်မှုဒေသအချင်းချင်း၊ လုပ်ငန်းရှင်အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ကြစေရန်။

## အခန်း (၃)

## ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဝန်ကြီးမှလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ပြည်နယ်ဦးစီးမှူးမှလည်းကောင်း တာဝန်ယူ၍ အဖွဲ့ဝင်များအဖြစ် **ပြည်နယ်အစိုးရအဖွဲ့မှ သတ်မှတ်ပေးသော သက်ဆိုင်ရာပြည်နယ်အဆင့် ပြည်နယ်ဦးစီးမှူးများနှင့်** လုပ်ငန်းရှင်များပါဝင်သည့် ကော်မတီဝင် (၇) ဦး သို့မဟုတ် (၉) ဦးဖြင့် ဖွဲ့စည်းရမည်။

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ခ) အခြေခံမူများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) မှတ်ပုံတင်သက်တမ်း သတ်မှတ်ခြင်း၊ မှတ်ပုံတင်နှုန်းထားများ ညှိနှိုင်းသတ်မှတ်ခြင်း၊

(ဃ) ပညာပေးလုပ်ငန်းများနှင့် နည်းပညာလွှဲပြောင်းပေးခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊

(င) လုပ်ငန်းရှင်များ၏ ခံစားနိုင်ခွင့်များရရှိရေး ကူညီဆောင်ရွက်ခြင်း၊

(စ) ဥပဒေနှင့်အညီ စီမံခန့်ခွဲရေးနည်းအရ အရေးယူဆောင်ရွက်ခြင်း၊

(ဆ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုတက်ရေးနှင့်စပ်လျဉ်းသည့် ဆောင်ရွက်သင့်သည်များကို အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(ဇ) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၄)
## ဝန်ကြီး၏ လုပ်ပိုင်ခွင့်များ

၆။ ဝန်ကြီးသည် ကော်မတီနှင့် ဦးစီးဌာနကို ဦးဆောင်၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အစီအမံများ ချမှတ်ခြင်း၊

(ခ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို အထောက်အကူပြုနိုင်ရန်နှင့် ကြီးကြပ်နိုင်ရန် လိုအပ်သည့် အဖွဲ့များကို ဖွဲ့စည်းခြင်း၊ အကြံပေးပုဂ္ဂိုလ်များကို ခန့်ထားခြင်း၊

(ဂ) ဖွဲ့စည်းခန့်ထားခြင်းပြုသောအဖွဲ့နှင့် အကြံပေးပုဂ္ဂိုလ်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ဃ) အခြေခံမူများကို အကောင်အထည်ဖော်ရာတွင် အခြားသော ဝန်ကြီးဌာနများနှင့် ဆက်စပ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်၍ အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(င) ပြည်နယ်ဦးစီးမှူးမှတင်ပြသော မှတ်ပုံတင်လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ မှတ်ပုံတင်ကို ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ရပ်စဲခြင်းတို့ကို **ကော်မတီ၏ သဘောထားနှင့်အညီ** ဆုံးဖြတ်ခြင်း၊

(စ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဟုတ် မဟုတ်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက **ကော်မတီအစည်းအဝေးကျင်းပ၍ စိစစ်ဆုံးဖြတ်ခြင်း၊**

(ဆ) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ပအကူအညီရယူနိုင်ခြင်း၊ နားလည်မှုစာချွန်လွှာရေးထိုးခြင်း။

## အခန်း (၅)
## ပြည်နယ်ဦးစီးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇။ ပြည်နယ်ဦးစီးမှူး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အခြေခံမူများကို ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောနည်းပညာရပ်များ ဖော်ထုတ်ခြင်း၊ စမ်းသပ်တီထွင်ခြင်း၊ နည်းပညာသင်တန်းအစီအစဉ်နှင့် သတင်းအချက်အလက်ဖြန့်ဖြူးခြင်းနှင့် ကော်မတီ၏ ဆုံးဖြတ်ချက်များကို ဖော်ဆောင်ခြင်း၊

(ဂ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ တီထွင်စမ်းသပ်ခြင်းနှင့် သုတေသနပြုလုပ်ခြင်းမှ ရရှိသောရလဒ်များကို လုပ်ငန်းများတိုးတက်ရေးအတွက် ဌာနတွင်း အသုံးပြုခြင်းနှင့် လုပ်ငန်းရှင်များသို့ ဖြန့်ဝေရေး စီစဉ်ဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်း ပြည်ပကုန်ပစ္စည်းပြပွဲများတွင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများမှ ထုတ်လုပ်သော စံချိန်စံညွှန်းမီကုန်ပစ္စည်းများကို ပြသနိုင်ရန်နှင့် ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(င) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝန်ကြီး၏ အတည်ပြုချက်ဖြင့် စုပေါင်းလုပ်ကိုင်နိုင်ရန် အသင်း၊ အဖွဲ့ ဖွဲ့စည်းပေးခြင်း၊

(စ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို အများပြည်သူတို့ သိရှိနိုင်ရန်နှင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ဆက်စပ်နိုင်ရန် သတင်းအချက်အလက်ပြန့်ပွားစေမည့် နည်းလမ်းများ အသုံးပြု၍ ဝန်ကြီး၏သဘောတူညီချက်ဖြင့် ဆောင်ရွက်ပေးခြင်း၊

(ဆ) ကော်မတီမှ ပေးအပ်သောတာဝန်များကို ဆောင်ရွက်ခြင်း။

၈။ ပြည်နယ်ဦးစီးမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မှတ်ပုံတင်ထားသော အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို စစ်ဆေးခြင်းနှင့် စာရင်းများ တောင်းခံခြင်း၊

(ခ) ဤဥပဒေအရ ထုတ်ပြန်သော အမိန့် သို့မဟုတ် ညွှန်ကြားချက်ကို မလိုက်နာသောလုပ်ငန်းရှင်၏ မှတ်ပုံတင်ကို **ကော်မတီသို့ တင်ပြအဆုံးအဖြတ်ရယူခြင်း၊**

(ဂ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များ ကူညီဆောင်ရွက်ခြင်း၊

(ဃ) နှစ်အလိုက်ထုတ်ပြန်ထားသော ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့်အညီ အသစ် ထူထောင်ထားသော အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများအတွက် အခွန်ကင်းလွတ်ခွင့်ရရှိစေရန် ကူညီဆောင်ရွက်ပေးခြင်း။

## အခန်း (၆)
## မှတ်ပုံတင်ခြင်း

၉။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်နေသူ သို့မဟုတ် လုပ်ကိုင်လိုသူသည် ဤဥပဒေအရ မှတ်ပုံတင်သည့်အခါ ဦးစီးဌာနက သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၁၀။ ဦးစီးဌာနသည် လျှောက်ထားလာသည့် လျှောက်လွှာများကို စိစစ်ခြင်း၊ စစ်ဆေးခြင်းပြုလုပ်ပြီးနောက် သတ်မှတ်ချက်နှင့်ညီညွတ်ပါက **ကော်မတီ** ခွင့်ပြုချက်အရ မှတ်ပုံတင်ပေးရမည်။

၁၁။ ပြည်နယ်ဦးစီးမှူးသည် မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်အသစ်လဲလှယ်ကြေးနှင့် မှတ်ပုံတင်သက်တမ်း ကာလတို့ကို ကော်မတီ၏ သဘောတူခွင့်ပြုချက်ဖြင့် သတ်မှတ်ပေးရမည်။

## အခန်း (၇)
## မှတ်ပုံတင် ပျက်ပြယ်ခြင်း

၁၂။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လာသည့်အခါ မှတ်ပုံတင်ပျက်ပြယ်သည် -

(က) မှတ်ပုံတင်သက်တမ်းကုန်ဆုံးခြင်း၊

(ခ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လုပ်ငန်းရပ်စဲခံရခြင်း၊

(ဂ) မှတ်ပုံတင်ပယ်ဖျက်ခံရခြင်း၊

(ဃ) လုပ်ငန်းရှင်က မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားမှုကို ခွင့်ပြုခြင်း။

## အခန်း (၈)
## လုပ်ငန်းရှင်၏ တာဝန်နှင့် ခံစားခွင့်များ

၁၃။ လုပ်ငန်းရှင်၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မိမိလုပ်ကိုင်နေသော အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကို မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်အသစ် လဲလှယ်ကြေး၊ ဒဏ်ကြေးနှင့် အခြားပေးဆောင်ရန်ရှိသော အခွန်အခများကို ပေးဆောင်ခြင်း၊

(ခ) ဦးစီးဌာန၏ အကူအညီပေးခြင်း၊ အကြံဉာဏ်ပေးခြင်းနှင့် စစ်ဆေးခြင်းကို ခံယူခြင်း၊

(ဂ) လုပ်ငန်းအမျိုးအစားပြောင်းလဲခြင်း၊ လုပ်ငန်းရှင်လွှဲပြောင်းခြင်း၊ လုပ်ငန်းတည်နေရာ ပြောင်းရွှေ့ခြင်း တို့ကို ဦးစီးဌာနသို့ ကြိုတင်အကြောင်းကြားခြင်းနှင့် မှတ်ပုံတင်လျှောက်ထားခြင်း၊

(ဃ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊

(င) လုပ်ငန်းနှင့်စပ်လျဉ်းသော အခြားတည်ဆဲဥပဒေများကို လိုက်နာခြင်း။

၁၄။ လုပ်ငန်းရှင်၏ ခံစားခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် ကုန်ပစ္စည်းအရည်အသွေးမြင့်မားရေးအတွက် ဦးစီးဌာနက သတ်မှတ်ချက်ဖြင့် လွှဲပြောင်းပေးသော နည်းပညာရပ်များရယူနိုင်ရန် ကော်မတီသို့ အကူအညီတောင်းခံခြင်း၊

(ခ) မိမိထုတ်လုပ်သောစံချိန်စံညွှန်းမီကုန်ပစ္စည်းများကို နိုင်ငံခြားဈေးကွက်များသို့ သတ်မှတ်ချက်နှင့်အညီ တင်ပို့ရောင်းချနိုင်ရန် ကော်မတီသို့ အကူအညီတောင်းခံခြင်း၊

(ဂ) ပြည်ပသို့ ကုန်ပစ္စည်းတင်ပို့ရောင်းချခြင်းဖြင့် ရရှိသော နိုင်ငံခြားငွေများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ကုန်ကြမ်း၊ စက်နှင့်စက်ကိရိယာအရန်ပစ္စည်းများ ဝယ်ယူနိုင်ရန် ကော်မတီသို့ အကူအညီတောင်းခံခြင်း၊

(ဃ) ကော်မတီ၏ကူညီမှုဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်လေ့လာခြင်း၊ ဆွေးနွေးပွဲတက်ရောက်ခြင်း၊ သင်တန်းတက်ရောက်ခြင်း၊

(င) ကော်မတီ၏ကူညီမှုဖြင့် ပြည်ပမှကျွမ်းကျင်သူများ၏ အကူအညီရယူနိုင်ခြင်းနှင့် ပြည်ပနှင့်စီးပွားရေးလုပ်ငန်းစာချုပ်များ ချုပ်ဆိုလုပ်ကိုင်ခြင်း၊

(စ) ကော်မတီ၏ ကူညီမှုဖြင့် နည်းပညာ၊ ချေးငွေနှင့် အထောက်အပံ့များရယူခြင်း၊

(ဆ) ကော်မတီ၏ကူညီမှုဖြင့် အစိုးရဌာနများက အခါအားလျော်စွာ သတ်မှတ်ပေးသော အခြားအခွင့်အရေးများကို ခံစားခြင်း၊

(ဇ) ဦးစီးဌာနတွင် မှတ်ပုံတင်ပြီးသောပစ္စည်းများကို ပြည်တွင်း၌ လွတ်လပ်စွာ ထုတ်လုပ်ရောင်းချနိုင်ပြီး ပြည်တွင်းတင်ဒါခေါ်ယူမှုများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း၊

(ဈ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းရှင်များစုပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲများ၊ အရောင်းပြပွဲများဆောင်ရွက်ခြင်း၊

(ည) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃) နှစ်အတွင်း **အခွန်ကင်းလွတ်ခွင့်ပြုခြင်း၊**

(ဋ) လုပ်ငန်းရှင်သည် မိမိလုပ်ငန်းကို ဥပဒေနှင့်အညီ တစ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်းပြုလုပ်ခြင်း။

## အခန်း (၉)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၅။ လုပ်ငန်းရှင်သည် -

(က) ပုဒ်မ ၁၃ ပါ တာဝန်သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ခြင်း မရှိစေရ၊

(ခ) ပုဒ်မ ၁၄ ပါ ခံစားနိုင်ခွင့်တစ်ရပ်ရပ်ကို အလွဲသုံးစား မပြုရ။

၁၆။ ပြည်နယ်ဦးစီးမှူးသည် ပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သော လုပ်ငန်းရှင်အား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ကျပ်ငါးသောင်းထက် မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်စေခြင်း၊

(ဂ) မှတ်ပုံတင်ကို ယာယီရပ်ဆိုင်းခြင်း၊

(ဃ) မှတ်ပုံတင်ကို ပယ်ဖျက်ခြင်း။

## အခန်း (၁၀)

## အယူခံခြင်း

၁၇။ ပြည်နယ်ဦးစီးမှူးက ချမှတ်သည့်ဆုံးဖြတ်ချက်ကို လုပ်ငန်းရှင်က မကျေနပ်ပါက ယင်းဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း **(၆၀)** အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

၁၈။ ဝန်ကြီးသည် လုပ်ငန်းရှင်က တင်သွင်းလာသော အယူခံဝင်မှုကို အဆုံးအဖြတ်ပေးရမည်ဖြစ်ပြီး ယင်းအဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၁)
## တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၁၉။ မည်သူမဆို ဤဥပဒေအရ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကို မှတ်ပုံတင်ခြင်းမရှိဘဲ လုပ်ကိုင်ခြင်း မပြုရ။ ဤတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် **ငွေဒဏ်အနည်းဆုံး ကျပ် သုံးသိန်းမှ အများဆုံး ကျပ် ငါးသိန်းအထိ** ချမှတ်နိုင်သည်။

၂၀။ မည်သူမဆို ပုဒ်မ ၁၉ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ယင်းပြစ်မှုကို ဆက်လက်ဖောက်ဖျက် ကျူးလွန်ပါက ဆက်လက်ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့်နေ့အသီးသီးအတွက် ထိုသူကို တစ်နေ့လျှင် **ငွေဒဏ်ကျပ် သုံးသောင်း** ချမှတ်ရမည်။

## အခန်း (၁၂)
## အထွေထွေ

၂၁။ ဤဥပဒေအရ ပြည်နယ်ဦးစီးမှူးက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်သည် တည်ဆဲ ဥပဒေတစ်ရပ်ရပ်အရ အရေးယူတရားစွဲဆိုခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၂။ ပုဒ်မ ၁၉ နှင့် ၂၀ ပါ တားမြစ်ချက်များကိုဖောက်ဖျက်လျှင် သက်ဆိုင်ရာပြည်နယ်ဦးစီးမှူး သို့မဟုတ် ပြည်နယ်ဦးစီးမှူးက တာဝန်ပေးအပ်သူတစ်ဦးဦးက မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားတရားစွဲဆိုရမည်။

၂၃။ ပုဒ်မ ၁၆၊ ၁၉၊ ၂၀ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူက ငွေဒဏ်မဆောင်ပျက်ကွက်ပါက မြေခွန်မပြေ ကျန်ငွေကဲ့သို့ ကောက်ခံရမည်။

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) အစိုးရအဖွဲ့သည် ဤဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် ဤဥပဒေနှင့်အညီ သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

အယ်လ်ဖောင်းရှို
ဝန်ကြီးချုပ်
ကယားပြည်နယ်အစိုးရအဖွဲ့

# မန္တလေးတိုင်းဒေသကြီး မြေယာခွန်ဥပဒေ
# (၂၀၁၉ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၂။)

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်)

## နိဒါန်း

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **မန္တလေးတိုင်းဒေသကြီး မြေယာခွန်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် မန္တလေးတိုင်းဒေသကြီး တစ်ဝန်းလုံး၌ အာဏာတည်စေရမည်။

၂။ ဤဥပဒေ၌ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးချုပ်**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးကို ဆိုသည်။

(င) **အုပ်ချုပ်ရေးမှူး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကို ဆိုသည်။

(စ) **အခွန်တော်အရာရှိ**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးများကို ဆိုသည်။

(ဆ) **လယ်ယာမြေ**ဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသည့် ခြံမြေဟုသော်လည်းကောင်း၊ မြေနုကျွန်းမြေဟုသော်လည်းကောင်း သတ်မှတ်သည့်မြေများကို ဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေးအဆောက်အအုံနှင့် ပရဝဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသော မြေများ မပါဝင်။

(ဇ) **လယ်မြေ**ဆိုသည်မှာ သဘာဝအရလည်းကောင်း၊ လူတို့ဖန်တီးသော နည်းလမ်းအရသော်လည်းကောင်း၊ စိုက်ပျိုးရေရယူပြီး ရေထိန်းသိမ်းနိုင်စေရန် ဆောင်ရွက်ထားသည့် စပါးသီးနှံ အဓိကစိုက်ပျိုးသော မြေနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လယ်မြေဟု သတ်မှတ်ထားသည့် လယ်မြေများကို ဆိုသည်။

(ဈ) **ရပ်ကွက်**ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်နိမိတ်အတွင်း ရပ်ကွက်အဖြစ် ၁၈၉၈ ခုနှစ်၊ မြန်မာနိုင်ငံတော်အောက်ပိုင်း မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေအရ နယ်နိမိတ်သတ်မှတ်ဖွဲ့စည်းထားသည့် ဒေသကို ဆိုသည်။

(ည) **ကျေးရွာအုပ်စု**ဆိုသည်မှာ ကျေးရွာတစ်ရွာကိုဖြစ်စေ၊ ကျေးရွာအများကိုဖြစ်စေ ကျေးရွာအုပ်စုအဖြစ် ၁၈၉၈ ခုနှစ်၊ မြန်မာနိုင်ငံတော်အောက်ပိုင်း မြို့နှင့် ကျေးရွာမြေများအက်ဥပဒေအရ နယ်နိမိတ်သတ်မှတ်ဖွဲ့စည်းထားသည့်ဒေသကို ဆိုသည်။

(ဋ) **ကျေးရွာ**ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်နယ်နိမိတ်အတွင်း ကျေးရွာအဖြစ် ၁၈၉၈ ခုနှစ်၊ မြန်မာနိုင်ငံတော်အောက်ပိုင်း မြို့နှင့် ကျေးရွာမြေများအက်ဥပဒေအရ နယ်နိမိတ်သတ်မှတ်ဖွဲ့စည်းထားသည့် ဒေသကို ဆိုသည်။

## အခန်း (၂)
## မြေယာခွန်စည်းကြပ်မည့် လယ်ယာမြေများ

၃။ အခွန်တော်အရာရှိသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ လယ်ယာမြေများပေါ်တွင် မြေယာခွန်ကို စည်းကြပ်ကောက်ခံရမည်။ သို့ရာတွင် အောက်ပါလယ်ယာမြေများနှင့် မသက်ဆိုင်စေရ -

(က) ဝန်ကြီးချုပ်က မြေယာခွန်လွတ် အပိုင်စာချုပ်ဖြင့် ပေးထားသော လယ်ယာမြေ၊

(ခ) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအရ ခွင့်ပြုထားသော လယ်ယာမြေများ၊

(ဂ) ဝန်ကြီးချုပ်က ပုဒ်မ ၁၀ အရ မြေယာခွန်ကင်းလွတ်ခွင့်ပြုထားသော လယ်ယာမြေများ။

## အခန်း (၃)
## မြေယာခွန်နှုန်း

၄။ မြေယာခွန်နှုန်းကို ဤဥပဒေနောက်ဆက်တွဲ ဇယားပါအတိုင်း သတ်မှတ်သည်။

၅။ ဝန်ကြီးသည် ဤဥပဒေမပြဋ္ဌာန်းမီက ကောက်ခံခဲ့သည့် မြေမျိုးအတန်းအစားများသည် ဤဥပဒေအရ ကောက်ခံမည့် မည်သည့်မြေမျိုးအတန်းအစားများတွင် ပါဝင်သည်ကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ် ပေးရမည်။

၆။ ဤဥပဒေအရ မြေယာခွန်ကို စည်းကြပ်ကောက်ခံရာတွင် တည်ဆဲဥပဒေများနှင့်အညီ ကျသင့်သော မြေယာခွန်၏ ၁၀ ရာခိုင်နှုန်းကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထည့်သွင်းကောက်ခံရမည်။ ဤဥပဒေအရ ကောက်ခံသည့် မြေယာခွန်အပေါ် သတ်မှတ်ချက်များနှင့်အညီ လုပ်အားခထုတ်ပေးရမည်။

## အခန်း (၄)
## မြေယာခွန်ကို နှစ်စဉ်စည်းကြပ်ခြင်း

၇။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနသည် သတ်မှတ်ထားသော မြေယာခွန်နှုန်း အတိုင်း နှစ်စဉ်မြေယာခွန်စည်းကြပ်ရမည်။

၈။ ပုဒ်မ ၇ အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ကွင်း၊ အကွက်ထဲရှိ လယ်ယာမြေပေါ်တွင် လုပ်ကိုင်နေသူ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအသီးသီးပေါ်တွင် ပုဒ်မ ၄ ပါ မြေယာခွန်နှုန်းဖြင့် စည်းကြပ်ရမည်။

၉။ (က) ပုဒ်မ ၇ နှင့် ပုဒ်မ ၈ အရ စည်းကြပ်သော မြေယာခွန်ကို ထမ်းဆောင်ရန်အတွက် လယ်ယာမြေပေါ်တွင် လုပ်ကိုင်နေသူများ (လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း) အားလုံး တာဝန်ရှိစေရမည်။

(ခ) ပုဒ်မ ၇ အရ ဦးပိုင်အလိုက် သို့မဟုတ် ဧကအလိုက် စည်းကြပ်သော မြေယာခွန်ကို ထမ်းဆောင်ရန်အတွက် အဆိုပါ မြေယာခွန်စည်းကြပ်ခံရသော လယ်ယာမြေ လုပ်ကိုင်သူ၌ တာဝန်ရှိစေရမည်။

## အခန်း (၅)
## မြေယာခွန်ကင်းလွတ်ခွင့်ပေးခြင်း

၁၀။ ဝန်ကြီးချုပ်သည် အောက်ပါအခြေအနေများ ပေါ်ပေါက်ပါက မြေယာခွန်ကင်းလွတ်ခွင့်ပြုနိုင်သည်-

(က) သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းကြောင့် သီးနှံထိခိုက်ပျက်စီးခြင်း၊

(ခ) ပိုးမွှား တိရစ္ဆာန်ဖျက်ဆီးခံရခြင်းကြောင့် သီးနှံထိခိုက်ပျက်စီးခြင်း၊

(ဂ) မမျှော်မှန်းနိုင်သော အခြားအကြောင်းတရားများကြောင့် သီးနှံများ ထိခိုက်ပျက်စီးခြင်း။

## အခန်း (၆)
## မြေယာခွန်ကောက်ခံခြင်း

၁၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများသည် အခွန်တော်အရာရှိ အဆင့်ဆင့်ကို တာဝန်ခံ၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ လယ်ယာမြေအတွင်း နှစ်စဉ်အသုံးပြုလုပ်ကိုင်သူ သို့မဟုတ် အဖွဲ့အစည်းထံမှ မြေယာခွန်များကို ဤဥပဒေပါ သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံပေးသွင်း ရမည်။

## အခန်း (၇)
## မြေခွန်မပေြကျန်ငွေကို အမှုတွဲဖွင့်၍ ကောက်ခံခြင်း

၁၂။ မြေယာခွန်ထမ်းဆောင်ရန် ပျက်ကွက်ပါက ခရိုင်အုပ်ချုပ်ရေးမှူးသည် -

(က) မြေခွန်မပေြကျန်ငွေ ဖြစ်ဘိသကဲ့သို့ အမှုတွဲဖွင့်၍ အရကောက်ခံရမည်။

(ခ) မြေခွန်မပေြကျန်ငွေ ကောက်ခံရန်အတွက် ကော်လိတ္တော်အရာရှိအဖြစ် ဆောင်ရွက်ရမည်။

## အခန်း (၈)
## တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၃။ ဝန်ကြီးချုပ်သည် ဤဥပဒေအရ ဆောင်ရွက်ရန် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့၏ တာဝန်ဝတ္တရားနှင့် လုပ်ပိုင်ခွင့်များကို အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်နိုင်သည်။

၁၄။ တာဝန်ဝတ္တရားနှင့် လုပ်ပိုင်ခွင့်များကို သုံးစွဲဆောင်ရွက်ရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် မြို့နယ်အုပ်ချုပ်ရေးမှူးအားလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ခရိုင်အုပ်ချုပ်ရေးမှူးအားလည်းကောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူးသည် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးအားလည်းကောင်း၊ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာဝန်ကြီးနှင့် ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံ၍ ဆောင်ရွက်ရမည်။

၁၅။ (က) ဝန်ကြီးချုပ်သည် မြေယာခွန်အမှုတွဲများကို သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများက ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခြင်းမရှိပါက အဆိုပါအမှုတွဲကို အပြီးအပြတ်ဆောင်ရွက်နိုင်စေရန် သင့်လျော်သည့် အုပ်ချုပ်ရေးမှူးကို တာဝန်ပေးအပ်နိုင်သည်။

(ခ) ပုဒ်မ ၁၃ အရ အာဏာအပ်နှင်းထားသော ခရိုင်အုပ်ချုပ်ရေးမှူးသည် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ဆောင်ရွက်သည့် မပြီးပြတ်သေးသော မြေယာခွန်အမှုတွဲကို မိမိစီရင်ပိုင်ခွင့် အာဏာအတွင်းဖြစ်လျှင် အဆိုပါ အုပ်ချုပ်ရေးမှူးများထံမှ ရုပ်သိမ်း၍ မိမိကိုယ်တိုင် အဆိုပါ အမှုတွဲကို အပြီးအပြတ်ဆောင်ရွက်နိုင်သည် သို့မဟုတ် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား အပြီးအပြတ်ဆောင်ရွက်စေနိုင်သည်။

၁၆။ ပုဒ်မ ၁၃ အရ တာဝန်ဝတ္တရားနှင့်လုပ်ပိုင်ခွင့်များ အပ်နှင်းထားသော ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့သည် မြေယာခွန်နှင့်စပ်လျဉ်းသော မိမိ၏တာဝန်ဝတ္တရားနှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရန် အကြိမ်ကြိမ်ပျက်ကွက်လျှင်သော်လည်းကောင်း၊ တာဝန်ဝတ္တရားနှင့် လုပ်ပိုင်ခွင့်များကို ပိုမိုသုံးစွဲခြင်းပြုလျှင်သော်လည်းကောင်း၊ တာဝန်ဝတ္တရားနှင့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစွဲခြင်း ပြုလျှင် အာဏာလွှဲအပ်ခြင်းခံရသော တာဝန်ခံက သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးစေပြီးလျှင် ဤဥပဒေအရ အပ်နှင်းထားသည့် တာဝန်ဝတ္တရားနှင့် လုပ်ပိုင်ခွင့်များ အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ရုပ်သိမ်းနိုင်သည်။ ထိုသို့ ရုပ်သိမ်းသည့်အခါ အဆိုပါ တာဝန်ဝတ္တရားနှင့် လုပ်ပိုင်ခွင့်များကို မည်သည့် အခွန်တော်အရာရှိက သုံးစွဲဆောင်ရွက်ရမည်ဟု သတ်မှတ်နိုင်သည်။

၁၇။ ပုဒ်မ ၁၃ အရ မြေယာခွန်ကောက်ခံရန် အပ်နှင်းထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် မြေယာခွန်ကောက်ခံခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ကောက်ခံရရှိပြီးသော မြေယာခွန်ငွေအတွက်လည်းကောင်း တာဝန်ရှိစေရမည်။

## အခန်း (၉)
## အယူခံခြင်း၊ ပြန်လည်စစ်ဆေးခြင်းနှင့် ပြင်ဆင်ခြင်း

၁၈။ မြေယာခွန်ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုသော်လည်းကောင်း၊ မကျေနပ်မှုသော်လည်းကောင်း ပေါ်ပေါက်ပါက အုပ်ချုပ်ရေးမှူးများသည် မြေယာခွန်အမှုတွဲဖွင့်လှစ်၍ ကြားနာခြင်းနှင့် ဆုံးဖြတ်ခြင်းများကို ဆောလျင်စွာ အောက်ပါအတိုင်း ပြုလုပ်ဆောင်ရွက်ရမည် -

(က) မြို့နယ်အုပ်ချုပ်ရေးမှူးက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်သည်။

(ခ) ခရိုင်အုပ်ချုပ်ရေးမှူးသည် မြို့နယ်အုပ်ချုပ်ရေးမှူးက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ဥပဒေနှင့်အညီ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ခရိုင်အုပ်ချုပ်ရေးမှူးက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ထံသို့ သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်သည်။

(ဃ) တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးသည် ခရိုင်အုပ်ချုပ်ရေးမှူးက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ဥပဒေနှင့်အညီ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(င) တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး၏ ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံသို့ သတ်မှတ်ချက်များနှင့် အညီ အယူခံဝင်နိုင်သည်။

(စ) ဝန်ကြီးသည် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ဥပဒေနှင့်အညီ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဆ) ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၀)
## အထွေထွေ

၁၉။ တာဝန်ဝတ္တရားနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များနှင့် လွှဲအပ်ခြင်းခံရသော ပုဂ္ဂိုလ်များသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၈၀ နှင့် ၄၈၂ တို့အရလည်းကောင်း၊ တရားမကျင့်ထုံးဥပဒေအရ လည်းကောင်း တရားရုံးများအား အပ်နှင်းထားသည့် အာဏာများကို ရရှိစေမည်။

၂၀။ ဤဥပဒေနှင့်အညီဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီဖြစ်စေ သဘောရိုးဖြင့် ဆောင်ရွက်သည့် ကိစ္စတစ်ရပ်ရပ်အတွက် ဤဥပဒေအရ တာဝန်ဝတ္တရားနှင့် လုပ်ပိုင်ခွင့်အပ်နှင်းထားသော အုပ်ချုပ်ရေးမှူးကို မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့် မရှိစေရ။

၂၁။ ဤဥပဒေအရ သို့မဟုတ် ဤဥပဒေအရ ပြဋ္ဌာန်းသည့် နည်းဥပဒေများအရ သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များ သို့မဟုတ် စီရင်ဆုံးဖြတ်နိုင်သည့်ကိစ္စများကို မည်သည့်တရားမရုံးတွင်မျှ စီရင်ခွင့် အာဏာမရှိစေရ။

၂၂။ (က) ကောက်ခံရရှိသည့် မြေယာခွန်ကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

(ခ) ဤဥပဒေအရ ကောက်ခံရသည့် အခွန်ငွေများအနက် ပြန်လည်ထုတ်ပေးရမည့်ခိုင်ကြေးနှင့် လုပ်အားခငွေများကို တိုင်းဒေသကြီးဘဏ္ဍာငွေအရအသုံးဆိုင်ရာစာရင်းတွင် ထည့်သွင်း ရေးဆွဲရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ဝင်ငွေများကို တိုင်းဒေသကြီးဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ သုံးစွဲရမည်။

၂၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့သည် ဤဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် ဤဥပဒေနှင့်အညီ သက်ဆိုင်သည့်အမိန့်ကြော်ငြာစာ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဒေါက်တာဇော်မြင့်မောင်
ဝန်ကြီးချုပ်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

**မန္တလေးတိုင်းဒေသကြီးအတွင်း မြေအတန်းအစားအလိုက် စည်းကြပ်ကောက်ခံမည့် မြေယာခွန်နှုန်းထားများ စာရင်း**

| စဉ် | မြေမျိုး | အတန်းအစား | ယခင်စည်းကြပ်နှုန်း (ကျပ်) | | စည်းကြပ်မည့်နှုန်းထား ၁ ဧကနှုန်း (ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | မှ | ထိ | | |
| ၁။ | ဆည်ရေသောက်လယ် | RP 1 | ၃. ၀၀ | ၈. ၂၅ | ၇၀၀ | |
| | | RP 2 | ၂. ၀၀ | ၂. ၇၅ | ၆၀၀ | |
| | | RP 3 | ၀. ၀၀ | ၁. ၇၅ | ၅၀၀ | |
| ၂။ | မိုးကောင်းသောက်လယ် | R 1 | ၃. ၀၀ | ၃. ၅၀ | ၄၀၀ | |
| | | R 2 | ၂. ၀၀ | ၂. ၅၀ | ၃၀၀ | |
| | | R 3 | ၀. ၀၀ | ၁. ၇၅ | ၂၀၀ | |
| ၃။ | ကိုင်း/ကျွန်းမြေ | K 1 | ၃. ၀၀ | ၄. ၀၀ | ၄၀၀ | |
| | | K 2 | ၂. ၀၀ | ၂. ၇၅ | ၃၀၀ | |
| | | K 3 | ၀. ၀၀ | ၁. ၇၅ | ၂၀၀ | |
| ၄။ | ယာမြေ | Y 1 | ၃. ၀၀ | ၄. ၀၀ | ၃၀၀ | |
| | | Y 2 | ၂. ၀၀ | ၂. ၅၀ | ၂၀၀ | |
| | | Y 3 | ၀. ၀၀ | ၁. ၇၅ | ၁၀၀ | |
| ၅။ | ဥယျာဉ်ခြံမြေ | G 1 | ၃. ၀၀ | ၁၀. ၈၀ | ၇၀၀ | |
| | | G 2 | ၂. ၀၀ | ၂. ၂၅ | ၆၀၀ | |
| | | G 3 | ၀. ၀၀ | ၁. ၀၀ | ၅၀၀ | |
| | | G 4 | ၀. ၀၀ | ၁. ၅၀ | ၄၀၀ | |

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက် ( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်တွင်းအခွန်များဦးစီးဌာန

### အမိန့်ဟုတ်မဟုတ်ရှင်းလင်းဖွင့်ဆိုချက်အမှတ် ၆/၂၀၁၉

နေပြည်တော်၊ ၁၃၈၀ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၉ ရက်)

**တိုက်ခန်းများနှင့် ကွန်ဒိုတိုက်ခန်းများအတွက် ကြိုတင်ပေးချေငွေအပေါ် ကျသင့်သော ကုန်သွယ်လုပ်ငန်းခွန် ပေးသွင်းရမည့်အချိန်နှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း**

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ စည်းမျဉ်း ၅၅၊ စည်းမျဉ်းခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ တိုက်ခန်းများ သို့မဟုတ် ကွန်ဒိုတိုက်ခန်းများ ရောင်းချရာတွင် ကြိုတင်ပေးချေငွေများအပေါ် ကျသင့်သော ကုန်သွယ်လုပ်ငန်းခွန်ပေးသွင်းရမည့်အချိန်နှင့် စပ်လျဉ်း၍ ရှင်းလင်းစွာသိရှိနိုင်စေရန်အတွက် အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း ဖြစ်ပါသည်။

**သက်ဆိုင်သည့်အကြောင်းအရာ**

၂။ ဤအဓိပ္ပာယ်ဖွင့်ဆိုရှင်းလင်းချက်သည် တိုက်ခန်းများ သို့မဟုတ် ကွန်ဒိုတိုက်ခန်းများ အရောင်းအဝယ်ပြုလုပ်သည့်အခါ ရောင်းရငွေအပေါ်တွင် ကျသင့်သော ကုန်သွယ်လုပ်ငန်းခွန်ကို ပေးသွင်းရမည့်အချိန်နှင့် စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် မည်ကဲ့သို့အဓိပ္ပာယ်ဖွင့်ဆိုကြောင်း ရှင်းလင်းအသိပေးချက် ဖြစ်ပါသည်။

**အကျိုးသက်ရောက်သူများ**

၃။ ဤအဓိပ္ပာယ်ဖွင့်ဆိုရှင်းလင်းချက်သည် တိုက်ခန်းများ သို့မဟုတ် ကွန်ဒိုတိုက်ခန်းများ ရောင်းချသူများနှင့် ဝယ်ယူသူများအပေါ်တွင် အကျိုးသက်ရောက်ပါသည်။

**သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်**

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) တွင် "မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သောရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် လစဉ် ကျသင့်သောအခွန်ကို သက်ဆိုင်ရာလကုန်ဆုံးပြီး တစ်ဆယ်ရက်အတွင်း ပေးဆောင်ရမည်။ ထို့ပြင် သုံးလတစ်ကြိမ်ကြေညာလွှာကို သက်ဆိုင်ရာသုံးလပတ်ကုန်ဆုံးပြီးနောက် တစ်လအတွင်း သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်" ဟူ၍ ပြဋ္ဌာန်းထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) တွင် "မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သောရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် ယင်းနှစ်အတွက် နှစ်ချုပ်ကြေညာလွှာကို သက်ဆိုင်ရာနှစ်ကုန်ဆုံးပြီး သုံးလအတွင်း သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးထံပေးပို့ရမည်" ဟူ၍ ပြဋ္ဌာန်းထားပါသည်။

၆။ ၂၀၁၈ - ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (စ) တွင် "နိုင်ငံတော်အတွင်း ဆောက်လုပ်ပြီးရောင်းချသည့် အဆောက်အအုံ ဆောက်လုပ်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။ အဆောက်အအုံဆောက်လုပ်ရောင်းချသူသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများပါ တာဝန်ကို လိုက်နာရမည်ဖြစ်ပြီး အခွင့်အရေးများအားလုံးကိုလည်း ခံစားခွင့်ရှိစေရမည်" ဟူ၍ ပြဋ္ဌာန်းထားပါသည်။

**လိုက်နာဆောင်ရွက်ရန် တာဝန်သတ်မှတ်ချက်**

၇။ တိုက်ခန်း သို့မဟုတ် ကွန်ဒိုတိုက်ခန်းများကို အရစ်ကျပေးချေသည့်စနစ်ဖြင့် ရောင်းချရာ၌ ဆောက်လုပ်ရောင်းချသူအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) အရ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်မီ ရောင်းရငွေနှင့်အတူ ကျသင့်သည့်ကုန်သွယ်လုပ်ငန်းခွန်ကို ဝယ်ယူသူထံမှ တစ်ပါတည်း ကောက်ခံ၍ ပေးဆောင်ရမည်ဖြစ်ပါသည်။ ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်သည် ၂၀၁၈ - ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (စ) အရ သုံးရာခိုင်နှုန်းဖြစ်ပါသည်။ ဆောက်လုပ်ရောင်းချသူများအနေဖြင့် အရစ်ကျပေးချေသည့်စနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်ပါက နှစ်တစ်နှစ်အတွင်း ပေးချေသည့်ငွေ သို့မဟုတ် ပေးချေရန် သဘောတူညီထားသည့် ရရန်ငွေများအပေါ်တွင် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်ကို သက်ဆိုင်ရာနှစ်အတွင်း ပထမဦးဆုံးငွေပေးချေသည့်လ ကုန်ဆုံးပြီး တစ်ဆယ်ရက် အတွင်း ပေးသွင်းရမည် ဖြစ်ပါသည်။ ယင်းသို့ ပေးသွင်းရာတွင် အရစ်ကျပေးသွင်းရန် သဘောတူညီထားသည့် နှစ်အလိုက် သက်ဆိုင်ရာနှစ်တစ်နှစ်ချင်းစီအတွက် ပေးချေသည့်ငွေ သို့မဟုတ် ပေးချေရန်ရှိသည့်ငွေ အပေါ်တွင် ကျသင့်သည့်ကုန်သွယ်လုပ်ငန်းခွန်ကို သက်ဆိုင်ရာနှစ်အတွင်း ပထမဦးဆုံး ငွေပေးချေသည့် အချိန်တွင် တစ်ကြိမ်တည်း ပေးဆောင်ရမည်ဖြစ်ပါသည်။

**နမူနာဖြစ်စဉ်**

ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုဖြစ်သော 'အေ' သည် အခန်းပေါင်း ၁၀၀ ရှိသည့် အဆောက်အဦ တစ်ခုကို ဆောက်လုပ်ခဲ့ပြီး တိုက်ခန်းအားလုံးကို ကျပ် ၃၂၀,၀၀၀,၀၀ဝ ဖြင့် လုပ်ငန်းမစတင်မီကပင် 'ဘီ' သို့ အရစ်ကျစနစ်ဖြင့် ရောင်းချခဲ့ပါသည်။ သဘောတူစာချုပ်အရ တိုက်ခန်းများ၏ တန်ဖိုးကို 'ဘီ' မှ 'အေ' သို့ အောက်ပါအတိုင်း ပေးချေရန် သဘောတူ၍ အရောင်းအဝယ်ဖြစ်ခဲ့ပါသည် -

(က) 'ဘီ' သည် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် Deposit အဖြစ် ကျပ် ၃၀,၀၀၀,၀၀၀ ကို ပေးချေရန်၊

(ခ) 'ဘီ' သည် ၂၀၁၈ ခုနှစ်၊ မေလမှစ၍ ၂၄ လအတွက် တစ်လလျှင် ကျပ် ၁၀,၀၀၀,၀၀၀ ကို လစဉ် လဆန်း (၁) ရက်နေ့တွင် ပေးချေရန်၊

(ဂ) 'ဘီ' သည် နောက်ဆုံးအပြီးသတ်အဖြစ် ကျပ် ၅၀,၀၀၀,၀၀၀ ကို ၂၀၂၀ ပြည့်နှစ်၊ မေလ ၁ ရက်နေ့တွင် ပေးချေရန်။

**ဤအမိန့်ကြော်ငြာစာ? ဤအဓိပ္ပာယ်ဖွင့်ဆိုရှင်းလင်းခြင်းဆိုင်ရာ သတ်မှတ်ချက်ကိုကျင့်သုံးခြင်း**

၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင်ရရှိသော Deposit ငွေ ကျပ် ၃၀,၀၀၀,၀၀၀ နှင့် ပထမ (၁၁) လအတွက် ငွေ ကျပ် ၁၁၀,၀၀၀,၀၀၀ စုစုပေါင်း ငွေ ကျပ် ၁၄၀,၀၀၀,၀၀၀ ပေါ်တွင် သုံးရာခိုင်နှုန်း ဖြစ်သော ကုန်သွယ်လုပ်ငန်းခွန် ငွေ ကျပ် ၄,၀၇၇,၆၆၉ ကို ၂၀၁၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် သက်ဆိုင်ရာ အခွန်ရုံးသို့ ပေးဆောင်ရမည်ဖြစ်ပါသည်။ ကျန်ရှိသောငွေ ကျပ် ၁၈၀,၀၀၀,၀၀၀ ပေါ်တွင် နှစ်အလိုက် ပြဋ္ဌာန်းထားသော ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ နှုန်းထားများအတိုင်း ကျသင့်သည့် ကုန်သွယ် လုပ်ငန်းခွန်ကို တွက်ချက်၍ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်ပါအတိုင်း ပေးဆောင်ရမည်ဖြစ်ပါသည်။

၈။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်ကို လက်မှတ်ရေးထိုးထုတ်ပြန်လိုက်ပါသည်။

မင်းထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်တွင်းအခွန်များဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက် ( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### ဆန်းဂိုး(လ်) ကုမ္ပဏီလီမိတက်

### SUN GOLD COMPANY LIMITED

(အစုရှယ်ယာရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

**SUN GOLD COMPANY LIMITED** ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

အစည်းအဝေးကျင်းပမည့်ရက် ။ ။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ၊ (၂၆) ရက်

အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နံနက် (၁၀း၀၀) နာရီ၊

အစည်းအဝေးကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း။

ဒေါ်ကြည်ကြည်သာ
မန်နေးဂျင်းဒါရိုက်တာ
ဆန်းဂိုး(လ်) ကုမ္ပဏီလီမိတက်

ဒေါ်ခင်ဦးဟန်
(B.Act, CPA)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၁၉/က၊ ဒုတိယထပ်၊ ရုံးကြီးလမ်း၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

No. 55 (B), Hantharwaddy (22) Street, (6) Quarter, South Okklapa Township, Yangon, Myanmar.
Phone: (+95-9) 95197704, (+95-9) 8618319, Email: kktha.gpco@yahoo.com

## SANRAG MANAGEMENT CONSULTANTS PRIVATE LIMITED

(အစုရှယ်ယာရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

**SANRAG MANAGEMENT CONSULTANTS PRIVATE LIMITED** ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

အစည်းအဝေးကျင်းပမည့်ရက် ။ ။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ၊ (၂၆) ရက်

အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နံနက် (၁၀း၀၀) နာရီ၊

အစည်းအဝေးကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း။

Mr. Sanjeev Khanna
Director
Sanrag Management Consultants Private Limited

ဦးသန်းဇော်
၁/ရကန (နိုင်) ၀၃၀၉၄၂
အမှတ် (၇၀)၊ အခန်း (၂/က)၊
ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ROOM (4), 1ST FLOOR, NO.24 (C), YAW MIN GYI STREET, DAGON TOWNSHIP, YANGON

## ဟုမ်း ဒီပို့ မြန်မာ ကုမ္ပဏီလီမိတက်
## (Home Depot Myanmar Co., Ltd)

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **ဟုမ်း ဒီပို့ မြန်မာ ကုမ္ပဏီလီမိတက် (Home Depot Myanmar Co., Ltd)** အား (၁-၇-၂၀၁၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမြတ်လွင်မိုး [B.Com (Q), CPA] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၂၆) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Moe Lwin
Managing Director
Home Depot Myanmar Co., Ltd

Myat Lwin Moe
[B.Com (Q), CPA]
Certified Public Accountant
AUDITOR

In the Matter of the Myanmar Companies Law and

**Nittsu Shoji (Myanmar) Company Limited**

(Under Section 345)

At an Extraordinary General Meeting of the shareholder of the Company hold at its Registered Office No. 201, 2nd Floor, Bo Myat Tun Tower, Bo Myat Tun Street, Botahtaung Township, Yangon, Myanmar at 10:00 am on 3rd July, 2019 the following resolutions were passed as Special Resolutions:-

(1) that the Company be here by wound up voluntarily,

(2) that U Kyawt Mg, B.A., R.A., CPA., I.C.M.A (Part II London), No.3, 105th Street, Mingala Taung Nyunt Township, Yangon is here by appointed Liquidator of the Company to such extent and such period as may be necessary for the beneficial winding up there of and be granted such other powers as may be deemed fit or proper.

**Claim Notice**

All persons claiming to be creditors of the above Company are requested to submit details of their claims together with any documentary evidence in their possession to the Liquidator at the address given above before one month from 26th August, 2019.

Kazunori Mitsusada
Managing Director
Nittsu Shoji (Myanmar) Co., Ltd

**ပလန့်(တ်) စကေ့ပ် ပရိုက်ဗိတ် လီမိတက်**

**(Plantscape Private Limited)**

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **ပလန့်(တ်) စကေ့ပ် ပရိုက်ဗိတ် လီမိတက် (Plantscape Private Limited)** အား (၁-၇-၂၀၁၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမြတ်လွင်မိုး [B.Com (Q), CPA] အား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၂၆) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Tin Aung Htun
Managing Director
Plantscape Private Limited

**ဇင်းဘန်း ကုမ္ပဏီလီမိတက်**

**(Xaing Bang Company Limited)**

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **ဇင်းဘန်း ကုမ္ပဏီလီမိတက် (Xaing Bang Company Limited)** အား (၁-၇-၂၀၁၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမြတ်လွင်မိုး [B.Com (Q), CPA] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၂၆) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| Chaung Khine Shane | Myat Lwin Moe |
| Managing Director | [B.Com (Q), CPA] |
| Xaing Bang Co., Ltd | Certified Public Accountant |
| | AUDITOR |

**HI TOP FORMOSA COMPANY LIMITED**

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇) ပုဒ်မ -၃၄၈ အရ

ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်းကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **HI TOP FORMOSA COMPANY LIMITED** အား (၃၀. ၅. ၂၀၁၉) ရက်နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ဒေါ်ခင်ဇာလီအောင် တရားလွှတ်တော်ရှေ့နေ (စဥ်-၁၄၃၅၂)၊ အမှတ် (၁၂၈၀) (ပ) ထပ်၊ ရွှေပြည်သာ (၂) လမ်း၊ ၃၂ ရပ်ကွက်၊ ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၂၆. ၈. ၂၀၁၉) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| Mr. Pan Bing Hong | ဒေါ်ခင်ဇာလီအောင် |
| မန်နေးဂျင်းဒါရိုက်တာ | (တရားလွှတ်တော်ရှေ့နေ) |
| HI TOP FORMOSA COMPANY LIMITED | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## ဟန်ဒုန်း အီးအန်စီ ကုမ္ပဏီလီမိတက်
## (HANDONG E&C COMPANY LIMITED)

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အစုရှင်များ၏ သာမန်ထက်ထူးကဲသည့် အစည်းအဝေး ဆုံးဖြတ်ချက်အရ **ဟန်ဒုန်း အီးအန်စီ ကုမ္ပဏီလီမိတက် (HANDONG E&C CO., LTD)** အား ၃၀ ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်ခင်သန့်ဇင်ဦး အား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၃၁. ၇. ၂၀၁၉ ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်သန့်ဇင်ဦး
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဟန်ဒုန်း အီးအန်စီ ကုမ္ပဏီလီမိတက်

## ယူလိုက်(ဖ်) ဆလူးရှင်း(စ်) မြန်မာ ကုမ္ပဏီလီမိတက်
## (U LIFE SOLUTIONS MYANMAR COMPANY LIMITED)

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အစုရှင်များ၏ သာမန်ထက်ထူးကဲသည့် အစည်းအဝေး ဆုံးဖြတ်ချက်အရ **ယူလိုက်(ဖ်) ဆလူးရှင်း(စ်) မြန်မာ ကုမ္ပဏီလီမိတက် (U LIFE SOLUTIONS MYANMAR CO., LTD)** အား ၃၀ ရက်နေ့မှစ၍ စာရင်းရှင်းလင်း ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်ခင်သန့်ဇင်ဦး အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၃၁. ၇. ၂၀၁၉) ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်သန့်ဇင်ဦး
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ယူလိုက်(ဖ်) ဆလူးရှင်း(စ်) မြန်မာ ကုမ္ပဏီလီမိတက်

**ရက်(စ်)အိုကေ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်**
**(Yes Ok International Company Limited)** အား
(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**ရက်(စ်)အိုကေ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် (Yes Ok International Company Limited)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၅) ရက်နေ့ နေ့လယ် (၁၄း၀၀) နာရီ အချိန်တွင် တိုက်အမှတ်-၁၅၈/၁၆၈၊ အခန်းအမှတ်-၁၉၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ် (၂) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အစုရှင်များ အားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို ရှင်းလင်းတင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည် ဖြစ်ပါမည်။

ဒေါ်နွဲ့ယဉ်ဝင်း
(B.Com, CPA)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
တိုက်အမှတ် (၁၅၈/၁၆၈)၊ အခန်း (၁၉)၊ ပထမထပ်၊
ဗဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ZTH CONSULTANT SERVICE COMPANY LIMITED**
(In members' Voluntary Winding Up)

Extract of the Minutes of a Special General Meeting of the members of **ZTH Consultant Service Company Limited**, held at No. 346/354 Pyay Road, 3003/4 Pyay Garden Office Tower, Sanchaung Township, Yangon, Myanmar, on 26th day of July 2019: -

**SPECIAL RESOLUTION**

**THAT,** the Company be wound up by the members voluntarily pursuant to Section 345 (b) of the Myanmar Companies Law.

**ORDINARY RESOLUTIONS**

**THAT,** Daw Cho Cho Myint of Interactive Company Limited be appointed Liquidator of the Company to act for the purpose of such winding-up.

Piyavat Bunyuenyongsakun
Chairman

Cho Cho Myint
Liquidator

**Compagnie Generale De Geophysique (Yangon Branch)**

စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း ကြော်ငြာချက်

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၈) ရက်တွင် **Compagnie Generale De Geophysique** ၌ ပြုလုပ်ခဲ့သည့် ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ **Compagnie Generale De Geophysique (Yangon Branch)** အား စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်ခင်ချိုကြည် B.A Law (LL.B, LL.M), Managing Director, Myanmar Legal Services Ltd. Room 117, Inya Lake Hotel အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ၂၃-၇-၂၀၁၃ ရက်တွင် ခန့်အပ်ထားပါသည်။

**Compagnie Generale De Geophysique (Yangon Branch)** နှင့်စပ်လျဉ်းပြီး ရရန်နှင့် ပေးရန်ရှိသည်များကို ၃၁-၈-၂၀၁၉ ရက်ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြတောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ဒေါ်ခင်ချိုကြည်
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၃၉၈)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ - ၃၀၉ (ခ) အရ ကြော်ငြာစာ

**Roy International Co., Ltd**

(ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၁၀၂၄၇၉၄၀၈)

(တရားရုံး၏အမိန့်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတွင် လျှောက်ထားသူ ဒေါ်နေရည်နွေး မှ အမှတ်-၁၅၀၊ ပထမထပ်၊ ရွှေနှင်းဆီ ၆ လမ်း၊ ၈ မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးခန်းဖွင့်လှစ်ထားသော **Roy International Co., Ltd** (ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၁၀၂၄၇၉၄၀၈) အား တရားရုံးအမိန့်အရ စာရင်းရှင်းဖျက်သိမ်းပေးရန် လျှောက်ထားလာခြင်းကို ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်စွဲပါ တရားမအထွေထွေမှုအမှတ်-၁၂၈/၂၀၁၈ ဖြင့် စာရင်းရှင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ကြောင်း မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ-၃၀၉ (ခ) အရ ထည့်သွင်းကြော်ငြာအပ်ပါသည်။

မှတ်ပုံတင်အရာရှိ
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
အမှတ် (၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၂၆-၇-၂၀၁၉။